
www.burmeseclassic.com

ဆီးတောကွင်းမှ သီချင်းသံ အပါအဝင်

ပရဖြစ်စရပ်ဆန်း

# ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com

ဝင်းဇော်(ချုံးသယ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၇၆၀၄၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၆၆၀၇၀၉
ထုတ်ဝေသည့်ကာလ - ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
စာအုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေသူ

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)

အမှတ်(၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

အမှတ်(၁၀၆)၊ တာမွေကြီး။

၈၀၈.၈၃

ဝင်းဇော် (သုံးဆယ်)

ဆီးတောကွင်းမှ သီချင်းသံအပါအဝင် ပရဖြစ်ရပ်ဆန်း ဂမ္ဘီရဝတ္ထုတိုများ / ဝင်းဇော် (သုံးဆယ်) ။ - ရန်ကုန်။ ယုံကြည်ချက်စာပေ ၊ ၂၀၀၉ ။

၂၀၆ - စာ ၊ ၁၂ x ၁၇.၅ စင်တီ။

(၁) ဆီးတောကွင်းမှ သီချင်းသံအပါအဝင် ပရဖြစ်ရပ်ဆန်း ဂမ္ဘီရဝတ္ထုတိုများ




www.burmeseclassic.com

www.burmeseclassic.com

## မကောင်းဆိုးဝါးလေးလား

တစ်နေ့နံနက်တွင် ကျွန်ုပ်သည် မင်းလှမြို့အရှေ့ဘက် သစ်တောကြိုးဝိုင်းရှိ သစ်ပင်ရိပ်အောက်တွင် တောလိုက်ရိုင်ဖယ်သေနတ်ကို တိုက်ချွတ်ဆေးကြောနေလေ၏။ ကျွန်ုပ်သည် သစ်တောဦးစီးတွင် တာဝန်ထမ်းဆောင်ကတည်းက ဝါသနာပါသည့် တောလိုက်သည့်အလုပ်ကို လုပ်ကိုင်ခဲ့သည်။

သစ်တောကြိုးဝိုင်းတွင် ချောင်းအုပ်ကြီး (ချောင်းခေါင်းကြီးဟု ခေါ်ကြသည့်) ကိုစံမြတ်ဘိုသည် သူ့ကို ကျွန်တော်တို့ သစ်တောဝန်ထမ်းအားလုံးက ချစ်ခင်လေးစားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သစ်တောဝန်ထမ်းများက ကျွန်ုပ်ကို တောမုဆိုးကြီးဟု ချစ်စနိုးခေါ်ကြသည်။ ကျွန်ုပ် တောတွင်းသို့ တောပစ်သွားမည်ဆိုလျှင် ကျွန်ုပ်နှင့်လိုက်ချင်သူတွေက မနည်း။ သူတို့ကို ခေါ်စေချင်၍ ပြောရတာအမော။

တောပစ်သည်ဆိုသည်မှာ တောအကြောင်းကို နားလည်ရသည်။ တောတွင်းတိရိစ္ဆာန်များ မည်သို့နေထိုင်လျက် ကျက်စားတတ်သည်ကို သိထားရသည်။ တောတွင်းတွင် မျက်စိလျင်ရသည်။ နားပါးရသည်။ အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့လျှင် ရင်ဆိုင်ဖြေရှင်းတတ်ရန်လိုသည်။ ကျွန်ုပ်သင်ပေးထားသဖြင့် သစ်တောကြိုးဝိုင်းမှ လူတော်တော်များများသည် လေးမြားဒူးလေးကို ကျွမ်းကျင်စွာပစ်တတ်သည်။ သေနတ်ပစ်တတ်ကြသည်။ သည်လိုပစ်တတ်တိုင်းလည်း သူတို့ကို တောကောင်ပစ်သည့်နေရာသို့ ခေါ်မသွားရဲ။ သည်တော့ ကျွန်ုပ်နှင့်အတူ အမဲပစ်လိုက်ဖူးသည့် လူငယ်နှစ်ဦးလောက်ကိုသာ ခေါ်သွားရသည်။

"ဟ ...ဘယ်လိုလဲ မုဆိုးကြီး ...





သေနတ်ကို ဒီလောက်တောင် တိုက်ချွတ်နေပုံထောက်ရင် အမဲပစ်ထွက်တော့မယ်ထင်တယ်"

ဆင်ဦးစီးစောဖဲယာက ကျွန်ုပ်အနား လာထိုင်ရင်းမေးသည်။

"ဟုတ်တယ် စောဖဲယာရေ .. မနက်ဖြန်မင်းတို့ ဆင်ဦးစီးအုပ်စု အရှေ့တောထဲကို သစ်တုံးတွေဆွဲဖို့ သွားကြမယ်မဟုတ်လား၊ ငါရယ်၊ သန်းဝင်းရယ်၊ ကြွက်ညိုရယ် မင်းတို့ဆင်တွေနဲ့ လိုက်ခဲ့မယ်လေ၊ ပြီးမှ ခရီးဆက်မယ်လို့ စိတ်ကူးထားလို့ကွ"

"အရင်လည်း ဒီလိုပဲသွားနေကျ မဟုတ်လား ... အဆန်းလုပ်ပြီး ပြောနေတယ်၊ အမဲပစ်မှာ တောအုပ်ကြီးကို ပြောပြီးပြီလား"

"အဟင်း ဟင်း .. သူက ရန်ကုန်မှာနေတဲ့ သူ့ဇနီးကို တောကောင်သားပို့ပြီး မျက်နှာလုပ်ချင်နေတာ၊ တောပစ်ထွက်မယ်လို့လည်းပြောရောရိက္ခာဝယ်ဖို့ ငွေချက်ချင်းထုတ်ပေးလို့ ကြွက်ညိုကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မင်းလှေစျေးထဲမှာ သွားဝယ်နိုင်းလိုက်တယ်''

"တောမုဆိုးကြီးပြန်လာရင် တောကောင်သား စားရတော့မယ်ပေါ့၊ ဆင်လုပ်သားတွေနဲ့ အရက်ဝိုင်းဖွဲ့ရမယ်''

"ဟော့ ဟော့ . . . မင်းတို့ အရက်ဝိုင်းဖွဲ့တာကို တောအုပ်ကြီး မသိစေနဲ့နော် . . . အဆူခံထိနေမယ်၊ တောအုပ်ကြီးက အရက်သောက်တာ မကြိုက်ဘူးကွ၊ ငါပြောင် သူရှိရင်မသောက်ရဲဘူး၊ သူ့ဇနီးဆီ ပြန်သွားတဲ့အခါကျမှ ကြွက်ညိုတို့တဲကို သွားသောက်ရတယ်''

"စိတ်ချပါ တောမုဆိုးကြီးရယ် . . . တောကောင်သားကို ဟင်းခပ်အမွှေးအကြိုင်နိုင်နိုင်လေးနဲ့ ချက်ပြီး အရက်နဲ့အမြည်းသဘောမျိုးစားသုံးရတာ သိပ်ဇိမ်ရှိတာဗျ၊ ကဲ . . . သွားဦးမယ်ဗျာ၊ ဆင်တွေကို စားကျက်မှာ လွှတ်ကျောင်းရဦးမယ်''

ဆင်ဦးစီးစောဖဲယာက ကျွန်ုပ်အနီးမှ ထွက်ခွာသွားသည်။ မကြာမီ စျေးဝယ်ပြီးပြန်လာသော ကြွက်ညိုက ကျွန်ုပ်အနီးသို့ ရောက်လာသည်။





"ကြွက်ညို . . . ငါမှာတဲ့ဓာတ်ခဲ ဝယ်လာတယ်မဟုတ်လား''

"ဝယ်လာပါတယ်၊ အကောင်းစားကို ဝယ်လာခဲ့တာ၊ သုံးတောင့်ထိုးမီးသီးသုံးလုံးလည်း ထပ်ဝယ်လာတယ်''

"ဒီနေရာတော့ မင်းက တော်သွားပြီ''

သည်သစ်တောကြိုးဝိုင်းထဲတွင် ကြွက်ညိုနှင့် သန်းဝင်းတို့နှစ်ဦးတည်းကသာ ကျွန်ုပ်ကို အဘခေါ်ကြသည်။ အမှန်တော့ ကျွန်ုပ်အသက်သည် (၄၅) နှစ်သာ ရှိပေးသေး၏။ သည်အသက်အရွယ်ထိ လွတ်လပ်စွာသွားလာနေထိုင်ချင်သဖြင့် အိမ်ထောင်မပြုခဲ့။ မိဘနှစ်ပါးကတော့ ကျွန်ုပ်ကို အိမ်ထောင်ပြုဖို့ မကြာခဏ တိုက်တွန်းကြသည်။

"အေးအေးဆေးဆေးနေရတာကို မကြည့်ရက်ဘူးလားဗျာ . . . အခု ကျွန်တော်တစ်ယောက်တည်းဆိုတော့ ဘယ်လောက်လွတ်လပ်သလဲ၊ မိန်းမယူလိုက်ရင် မိန်းမက ကျွန်တော်နဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတူ တောထဲ,တောင်ထဲမှာ လိုက်နေနိုင်မလား၊ သူက မြို့မှာနေလိုက်, ပြန်လိုက်,သွားလိုက်နဲ့''

''နင်တစ်ယောက်တည်းနေချင်တာ အမဲပစ်ချင်လို့ မဟုတ်လား''

''တစ်ခါတလေမှပစ်တာပါ အမေရာ''

ကျွန်ုပ်သည် သေနတ်ပြောင်းတိုက်ရင်း တွေးနေမိ၏။

''အဘ ... ဘာတွေ,တွေနေတာလဲ၊ အဘဖို့ မြို့ကဝယ်လာတဲ့ ဆေးဝါးတွေပြနေတာ၊ အဘက ဘာမှပြန်မပြောဘဲ ဘာလို့ပြုံးနေတာလဲ''

ကြွက်ညိုက ကျွန်ုပ်လက်မောင်းကိုကိုင်ထားရင်း မေးသည်။

''ငါ့အဖေနဲ့အမေကို သတိရသွားတာပါ ကြွက်ညိုရယ်၊ ငါဝယ်နိုင်းတဲ့ဆေးဝါးတွေ အကုန်ရရင်ပြီးတာပဲ၊ မင်းပစ်တဲ့ဒူးလေးက သားရေကို အသစ်လဲလိုက်ဦး၊ ကြာပြီဆိုတော့ စိတ်မချရ





တော့ဘူး၊ အဝတ်အစားတော့ နှစ်စုံစီလောက်ပဲ ထည့်လာခဲ့၊ ဓားမြှောင်လည်း သွေးထားဦး၊ ဓားရှည်တစ်လက်, ဓားမ,တစ်လက်လည်း ယူသွားရမယ်၊ သန်းဝင်းဆိုတဲ့ကောင် ဘယ်သွားနေလဲမသိဘူး ... မမြင်မိဘူး''

''ဟာ ... အဘကလည်း သန်းဝင်း ညက အရက်သောက်တာများသွားပြီး အရက်နာကျနေသလားမှမသိတာ''

''တောထဲတောင်ထဲမှာ အရက်ကို တအားသောက်လို့ မရဘူး၊ ဆေးဖြစ်ဝါးဖြစ် သောက်ဖို့ အရက်တစ်လုံးလောက်ပဲ ယူလာရမှာ''

''အဘက မသောက်နဲ့ဆိုရင် ဒီကောင် မသောက်ရဲပါဘူး အဘ၊ ကျွန်တော်လည်း လုပ်စရာရှိတာ သွားလုပ်ထားဦးမယ်''

''အေး ... ကောင်းတယ် သွားတော့''

ကျွန်ုပ်လည်း သေနတ်ကိုထမ်းကာ တောင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့၏။

နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် ကျွန်ုပ်၊ ကြွက်ညို၊ သန်းဝင်းတို့သည် ဆင်ဦးစီး စောဖဲယာနှင့်အတူ သစ်ထုတ်လုပ်ရေးမှဆင်များကို စီးကာ တောတွင်းသို့ လာခဲ့လေသည်။

သစ်ပင်ကြီးငယ်အသွယ်သွယ်တို့မှ အိပ်တန်းဆင်းကြသော ကျေးငှက်ပေါင်းစုံတို့၏အော်မြည်သံသည် ဆူညံနေသည်။ တောတွင်းတွင် ခုတ်လှဲပြီး မသယ်ယူရသေးသော ကျွန်းသစ်လုံးများစွာကို ဆင်ဦးစီးများက မှတ်သားလာခဲ့ကြသည်။

"ဟော့ . . . စောဖဲ . . . မင်းတို့အဖွဲ့က
တောင်ဘက်ကို ဆက်သွားတော့မှာဆိုတော့
ငါတို့သုံးယောက်က ဒီနေရာကပဲ ခရီးဆက်မယ်"

ကျွန်ုပ်တို့သုံးယောက်သည် ဆင်များပေါ်မှ ဆင်းလိုက်ကြ၏။ စောဖဲယာတို့အဖွဲ့က လက်ယမ်းနှုတ်ဆက်ပြီး ထွက်ခွာသွားကြသည်။ ကျွန်ုပ်တို့သုံးယောက်လည်း တစ်တောဝင်၊တစ်တောင်ထွက်ဖြင့် ခရီးဆက်ခဲ့ကြသည်။

လင်းမြတ်စာပေ



ရှဉ့်အုပ်စုသည် ကျွန်ုပ်တို့ကိုမြင်သည်နှင့် သစ်ပင်များပေါ်သို့ အလုအယက်တက်ပြေးကြသည်။

"ရှဉ့်ဆိုတဲ့သတ္တဝါကို ဘယ်လိုအမြင်
ကတ်မှန်း မသိဘူး၊ ခန္ဓာကိုယ်ကလည်း ကြွက်
အလတ်စားလောက်သာရှိတော့ ပစ်ပြီးတော့
လည်း မစားချင်တော့ဘူး"

ကြွက်ညိုက မျက်နှာကိုရှုံ့မဲ့ထားရင်း ပြောသည်။

"ဟုတ်ပါ့ကွယ် . . . တောထဲမှာ ဘာ
သားကောင်မှ မရသေးလို့ ဟင်းစားရှာရမယ်ဆို
ရင် ရှဉ့်တော့ပစ်မစားဘူး"

ရှေ့သို့သွားနေကြစဉ် သစ်ရွက်ခြောက်များကို ဖြတ်သန်းပြေးသွားသောအသံနှင့်အတူ ရှေ့မှချုံပုတ်တစ်ခု လှုပ်ယမ်းသွားသည်ကို ကျွန်ုပ်က မြင်လိုက်ရာ ကြွက်ညိုနှင့်သန်းဝင်းကို ရပ်နေရန် သတိပေးလိုက်၏။

"ဘာလဲအဘ"

သန်းဝင်းက တိုးတိုးမေးသည်။

"ရှေ့နားက ချုံပုတ်ထဲမှာ ယုန်ရှိတယ်"

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျွန်ုပ်က ချုံပုတ်ကိုဝိုင်းထားရန် သူတို့ကို လက်ဖြင့်အထာပြလိုက်သည်။ ကြွက်ညိုက မြားကို ဒူးလေးပေါ်သို့ချကာ မောင်းတင်ထားလိုက်သည်။ သေချာမှပစ်ရန် ကြွက်ညိုကို သတိပေးလိုက်သည်။ ယုန်က ဟိုတိုး,သည်တိုးတိုးနေသဖြင့် ချုံပုတ်က လှုပ်နေသည်။ ကြွက်ညိုက လက်သုံးချောင်းထောင်ပြသည်။

ချုံပုတ်ထဲတွင် ယုန်သုံးကောင်ရှိသည်ဟု ပြောသည့်သဘော။

သန်းဝင်းကလည်း မြားကို ချုံပုတ်ထဲသို့ ချိန်ထားလိုက်သည်။ ကျွန်ုပ်က ယုန်ပြေးနိုင်သည့်လမ်းကြောင်းများကို ကြွက်ညိုနှင့်သန်းဝင်းတို့ကို ညွှန်ပြသည်။ ကြွက်ညိုက လက်မထောင်ပြသည်။ ယုန်ကို အသေအချာပစ်တော့မည်ဟု ဆန္ဒပြုသည်။ အသာပင် သန်းဝင်းကလည်း ခေါင်းညိတ်ရှုပြသည်။ ကျွန်ုပ်က ဓားမြှောင်ဖြင့် ပစ်ရန်ဟန်ပြင်ထားသည်။

'ရှူတ်'

လင်းမြတ်စာပေ



'အစ် ‥ အစ်'

ကြွက်ညို၏ဒူးလေးမြားက ချုံပုတ်အတွင်းသို့ ဝင်သွားသည်။ သန်းဝင်းနှင့်ကျွန်ုပ်က ချုံပုတ်ထဲမှ ပြေးထွက်လာသော ယုန်တစ်ကောင်စီကို မှန်အောင်ချိန်ရွယ်ပစ်လိုက်သည်။ မြားတန်းလန်းနှင့် ယုန်သုံးကောင် သေပွဲဝင်သွားကြသည်။

"အဘပစ်လိုက်တဲ့အကောင်က ပိုကြီးတယ်"

"ငါရတဲ့အကောင်ကိုချက်စားမယ်၊ မင်းတို့ရတဲ့အကောင်တွေကို ကျပ်ကင်ထားမယ် …
သဘောတူကြရဲ့လား"

ကျွန်ုပ်တို့သည် တောတွင်းတစ်နေရာ၌ စခန်းချရပ်နားလိုက်ကြသည်။ သန်းဝင်းက မီးဖိုရန် သစ်ကိုင်းခြောက်များလိုက်ရှာသည်။ ကျွန်ုပ်က သစ်ပင်ပင်စည်ကိုမှီကာ အမောအပန်းဖြေနေမိသည်။

"သန်းဝင်း"

"ဗျာ … အဘ"

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ယုန်ကို အသားဖျက်ရင် ဆေးကြောဖို့ ရေလိုတယ်ကွ၊ ငါနဲ့ကြွက်ညိုတို့ ရေသွားရှာဦးမယ်"

"ဟာ .. အဘကလည်း ... ကျွန်တော် တစ်ယောက်တည်း"

"ဟင် ... မင်း ယောကျ်ားမဟုတ်ဘူးလား၊ ရော့ ... ငါ့သေနတ်ယူထား"

သန်းဝင်းသည် ဟိုသည်လှမ်းကြည့်ရင်း ကြောက်ရွံ့နေရာ၏။ ကျွန်ုပ်က ဓားရှည်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ရှေ့ဆုံးမှသွားသည်။ ကြွက်ညိုက ရေထည့်သည့်သားရေအိတ်ကို ယူပြီး နောက်မှလိုက်သည်။

"သန်းဝင်းကတော့ တကယ့်ကောင်ကွာ"

"သူက သရဲခြောက်ခံရဖူးတော့ကြောက်တာပေါ့ အဘရဲ့"

"ဘယ်တုန်းက သရဲခြောက်ခံရတာလဲ"

"မင်းလှတာဆုံကအပြန် စိန်ကန့်လန့်





မရောက်ခင်မှာ မိုးချုပ်သွားတယ်၊ အဲဒီရွာမှာ ဝင်ပြီးအရက်သောက်တယ်၊ အရက်မူးမူးနဲ့ ပြန်လာတာ လမ်းမှာ သရဲခြောက်ခံရတယ်လို့ ပြောတာပဲ"

"မင်းကောင်က အရက်မူးပြီး စိတ်ထင်တာတွေ ပြောတာနေမှာပါ"

"မသိပါဘူး အဘရယ်၊ ညဘက်ဆိုရင် ဒီကောင်တစ်ယောက်တည်း ဘယ်မှမသွားရဲဘူး"

ကျွန်ုပ်တို့သည် တောင်ပေါ်မှစီးဆင်းနေသော စမ်းချောင်းလေးထဲတွင် ရေခပ်ပြီး ပြန်လာကြစဉ် မိုးချုပ်သွားလေ၏။ သန်းဝင်းကိုထားခဲ့သောနေရာကိုရောက်လျှင် သန်းဝင်းကို မတွေ့ရ။ မီးဖိုထားသည်ကို မြင်ရသည်။ မီးတောက်သည် အရှိန်ရ၍ လောင်နေသည်။

"ငမူးရေ ... ငမူး"

"ဟာ ... ဒီကောင် ဘယ်သွားနေပါလိမ့်"

"အခင်းများသွားနေလား မသိ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မင်း ဒီလောက်အော်ခေါ်နေတာပဲ၊ အခင်းသွားနေရင် ပြန်ထူးသံကြားရမှာပေါ့"

"အင်း ... ဟုတ်တယ်နော်၊ ကျွန်တော်တို့ ရေခပ်သွားတာ နောက်ကများ လိုက်လာသလား"

"ဒါဆိုပြန်လာမှာပေါ့၊ ကဲ ... အသားဖျက်ရအောင်"

ကျွန်ုပ်က ယုန်သေကို စိတ်ရှည်လက်ရှည်ဖြင့် အသားဖျက်သည်။ ကြွက်ညိုက အမှောင်ထဲသို့ လှမ်းကြည့်နေသည်။ သန်းဝင်းက ပြန်မလာသေး။ ကျွန်ုပ်က ယူလာသော ဆား၊ ငရုတ်၊ ကြက်သွန်တို့ဖြင့် ယုန်သားဟင်းချက်သည်။ ကြွက်ညိုက ထမင်းချက်သည်။

"တောက် ... သန်းဝင်းကွာ ... မှောင်ကြီးထဲမှာ မသွားတတ်၊ မလာတတ်ဖြစ်နေပြီထင်တယ်"

"ဘာမှစိတ်ပူမနေနဲ့ ... သူ့လက်ထဲမှာ





သေနတ်ရှိနေတာပဲ"

ကျွန်ုပ်နှင့်ကြွက်ညိုတို့သည် သန်းဝင်းကိုစောင့်ရင်းကျန် ယုန်နှစ်ကောင်ကို ကျပ်ကင်နေကြလေ၏။ သန်းဝင်းမှာ ပြန်မရောက်လာသေးသဖြင့် စိတ်ပူနေမိကြသည်။

"သန်းဝင်းတော့ တောထဲမှာ မျက်စိလည် လမ်းမှားနေပြီထင်တယ်၊ အန္တရာယ်တစ်စုံတစ်ရာနဲ့ တွေ့ရင်တော့ ဒုက္ခပဲ၊ အခုမှ ဘယ်လိုလိုက်ရှာရမှန်းလည်း မသိ၊ ခက်လိုက်တာကွာ ... ဟင်း"

ကျွန်ုပ်သည် သန်းဝင်းကို တောအနှံ့တောင်အနှံ့ လိုက်ရှာရသည်မှာ မိုးစင်စင်လင်းသည်အထိ ဖြစ်၏။ သန်းဝင်း၏အရိပ်အယောင်ကိုပင် မတွေ့ရ။ တောတွင်းတွင် လတ်တလောသွားလာထားသည့်နေရာများကိုလည်း မမြင်ရ။ ကျွန်ုပ်တို့မှာ ပင်ပန်းနွမ်းနယ်နေကြလေပြီ။

"ဟူး ... မောလိုက်တာကွာ ခဏနားကြဦးစို့၊ စခန်းချတဲ့နေရာမှာ ပစ္စည်းတွေကို ထားခဲ့ရတာ၊ ဟင် ... သန်းဝင်းကို ရှာမတွေ့ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ငါတော့ ပြုံသနာတက်ပြီ''

"ဟုတ်တယ် အဘရယ် ... ကျွန်ုပ်တော့ စိတ်တွေ လေးနေတယ်''

"လာကွာ ... နောက်ကြောင်းပြန်လှည့်ကြမယ်''

ကျွန်ုပ်တို့သည် စခန်းချသည့်နေရာသို့ ပြန်လာခဲ့ကြလေ၏။

''ဟင်''

ကျွန်ုပ်နှင့်ကြွက်ညိုတို့သည် မြင်တွေ့ရသည့်မြင်ကွင်းကြောင့် အံ့ဩသွားမိကြလေ၏။ ကျွန်ုပ်နှင့်ကြွက်ညိုတို့ ညက ချက်ပြုတ်ထားခဲ့သော ထမင်းနှင့်ယုန်သားဟင်းများမှာ တစ်စုံတစ်ဦးက စားသောက်ထားဘိသကဲ့သို့ အားလုံးပြောင်စင်နေသောကြောင့်တည်း။ ကြွက်ညိုမှာ မျက်လုံးအဝိုင်းသားနှင့်ဖြစ်နေလေသည်။

"ဘယ်လိုဖြစ်ကုန်တာလဲ အဘရယ်''

"ငါလည်း မင်းနဲ့အတူ သန်းဝင်းကိုရှာဖို့ ထွက်လာတာပဲ''

လင်းမြတ်စာပေ



''ဟာ ... အဘကျန်တဲ့အရက်တွေလည်း မရှိတော့ဘူးဗျ''

''အေး ... မင်းနဲ့ငါသောက်တာ အများကြီးကျန်သေးတာပဲ၊ ငါ တောထဲကို အမဲပစ်ထွက်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး၊ အခုလို တစ်ခါမှ မဖြစ်ခဲ့ဘူး၊ ငါတို့ ဘာအမိုက်အမဲမှလည်း မလုပ်ခဲ့ပါဘူး၊ ဒီမနက်စားဖို့လည်း ဘာမှမရှိတော့ဘူး''

"ဟင် ... အဘ ... ယုန်သားကျပ်ကင်ထားတာတွေတော့ ရှိသေးတယ်ဗျ''

"အေး ... ဟုတ်သားပဲ''

မီးဖိုပေါ်တွင် ဝါးကိုင်းများဖြင့် တန်းထိုးကာ ကျပ်ကင်ထားသည့် ယုန်သားများမှာ ဒီအတိုင်းရှိနေသေးသည်။

"ကြွက်ညိုရေ ... အားချင်းထမင်းချက်စမ်းကွာ ... အဘ ဗိုက်ဆာနေပြီ''

ကြွက်ညိုလည်း ထမင်းဆာနေပုံရသည်။ ထမင်းချက်ထားပြီး သစ်ရွက်ခြောက်ပေါ်မှာ ပက်လက်လှန်အိပ်နေ၏။ ကျွန်ုပ်သည် သန်းဝင်းကို မည်သို့ရှာရမည်ကို တွေးရင်း

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မောနေမိသည်။ ထမင်းကျက်လျှင် ငါးပိကိုမီးကင်ကာ မနက်စာစားကြလေသည်။ ညက တစ်ညလုံးမအိပ်ရသဖြင့် ခေါင်းထဲတွင် မူးနောက်နေသော်လည်း အိပ်စက်လို့မဖြစ်သေး။ ပစ္စည်းများကို သိမ်းဆည်းပြီး ခရီးဆက်ခဲ့ကြလေသည်။ ကျွန်ုပ်တို့နှစ်ဦးထံတွင် ဒူးလေး၊ မြား၊ ဓားရှည်၊ ဓားမြှောင် လက်နက်များသာရှိသဖြင့် မည်သည့်သားကောင်ကို ရှာဖွေရမည်နည်းဟု စဉ်းစားရပြန်သည်။ တောတွင်းထဲသို့ အမဲပစ်ထွက်လာပြီး ဘာသားကောင်မှမရဘဲ သစ်တောကြိုးဝိုင်းသို့ပြန်သွားလျှင် ရှက်စရာအတိဖြစ်မည်ကိုလည်း စိုးရိမ်မိသည်။

"အဘ . . . ဟိုးတစ်ခါ အမဲပစ်ထွက်တုန်းက ဟိုးဘက်တောင်ကြောမှာ ဂျီအုပ်တွေ တွေ့မိတယ်မဟုတ်လား"

ကြွက်ညိုက သတိပေးသည်။

"ဟာ . . . ဟုတ်သားပဲ၊ အင်း . . . အဲဒါဆိုရင် မင်းက ဒီအတိုင်း တဖြည်းဖြည်းချင်း တောင်ကြောကိုတက်လာခဲ့၊ အဘက အနောက်





ဘက်တောင်ခြေကပတ်ပြီး တက်လာမယ်၊ မင်းက မြားနဲ့ သေချာမှပစ်၊ အဘက ဒူးလေးယူသွားမယ်"

ကျွန်ုပ်သည် ဒူးလေးကို မြားတင်ပြီး တောင်ခြေမှ ကွေ့ပတ်၍ သွားလေ၏။ တောင်ဘက်တောင်ကြောအတိုင်း ဖြည်းဖြည်းချင်းတက်လာခဲ့သည်။ ကြွက်ညိုပြောစကား မှန်နေသည်။ တောင်ကြောချိုင့်ထဲမှာ အစာစားနေသော ဂျီနှင့် ဆတ်များကို တွေ့ရသည်။ မြေပြင်တွင် မိချောင်းသွားသွားကာ ချဉ်းကပ်လာခဲ့သည်။ တောင်ကမူတစ်ခုကို အကာအကွယ်ယူပြီး ဂျီပေါက်တစ်ကောင်ကိုပစ်ရန် စဉ်းစားသည်။ ကြွက်ညိုက မည်သည့်နေရာသို့ ရောက်နေမှန်း မသိရသေး။ သားကောင်က မိမိ၏လှုပ်ရှားမှုကို မသိအောင် သတိထားနေရသည်။

ဂျီပေါက်သည် ကျွန်ုပ်နှင့် ကိုယ်တစောင်းအနေအထားတွင် အစာကိုငြိမ့်ရေယှက်ရေစားနေသည်။ ကျွန်ုပ်က ဂျီပေါက်အား ဒူးလေးဖြင့် အသေအချာချိန်ထားပြီးမှ ခလုတ်ကိုဖြုတ်ချလိုက်သည်။ မြားတံသည် ဂျီပေါက်ထံသို့ ဟန်း



www.burmeseclassic.com

www.burmeseclassic.com



တန်းမတ်မတ်ပြေး၍ ကျီပေါက်၏ဝမ်းဗိုက်ထဲသို့ တိုးဝင်သွားသည်။ ကျီပေါက်သည် တစ်ဖက်သို့လန်ကျသွားသည်။

"ဟင်"

ကျီပေါက်၏ခန္ဓာကိုယ်တွင် မြားနှစ်ချောင်းစူးဝင်နေသည်ကို တွေ့လိုက်ရသည်။ အခြားကျီနှင့်ဆတ်များသည် ခြေဦးတည့်ရာသို့ ကြောက်လန့်တကြား ပြေးကြလေသည်။ ကြွက်ညိုက ကျီပေါ[illegible]ရာသို့ ပြေးလာသည်။ ကျွန်ုပ်က လည်း အနီးသို့ပြေးသ[illegible]သည်။ ကျီပေါက်မှာ တွန့်လိမ်နေရာမှ ငြိမ်သက်သွားသည်။

"အဘနဲ့ကျွန်တော် အကြံတူသွားတာကို ... အဟင်း ဟင်း"

ကြွက်ညိုက သဘောကျပြီးရယ်နေသည်။

"နှစ်ချက်မှတစ်ကောင်ဖြစ်သွားရတယ်လို့ ကွာ၊ ကျီပေါက်ဆိုပေမယ့် အကောင်ထွားသားကွ၊ ဒီကောင့်ကိုထမ်းပြီး ငါတို့ ပြန်ကြတာပေါ့ကွာ၊ အင်း ... သန်းဝင်းကို ရှာမတွေ့သေးတာ ခက်တယ်၊ သန်းဝင်းသာ တစ်စုံတစ်ခုဖြစ်သွားရင် ငါ ဘယ်လို ဖြေရှင်းရမှန်းမသိတော့ဘူး၊ မင်းနဲ့ငါ ပြဿနာတက်မှာတော့ အမှန်ပဲ"

"စခန်းကို ရောက်အောင်ပြန်မယ် အဘ ရယ်၊ ဟိုးရောက်တော့မှ ဆင်ဦးစီးတွေခေါ်ပြီး တောနင်းရှာကြမယ်"

ကျွန်ုပ်နှင့်ကြွက်ညိုသည် ကျီပေါက်ကိုထမ်းကာ စခန်းရှိရာသို့ ပြန်လာခဲ့ကြလေ၏။ ကျွန်ုပ်တို့နှစ်ယောက် ရင်ထဲတွင် ပူလောင်နေသည်ကတော့အမှန်။ ကျွန်ုပ်တို့သည် လမ်းတွင် ခဏနားကြ၏။ တောထဲတွင်တွေ့သော ရင့်မှည့်နေသည့် ငှက်ပျောခိုင်ကိုခုတ်ကာ စားသုံးကြသည်။ သို့နှင့် ခရီးပြင်းနှင်ခဲ့ရာ သစ်တောကြိုးဝိုင်းစခန်းသို့ နောက်တစ်နေ့ နံနက်တွင် ပြန်ရောက်ကြသည်။ ကျွန်ုပ်နှင့်ကြွက်ညိုတို့သည် တောတွင်း၌ သန်းဝင်းပျောက်သွားသည့်အကြောင်း သတင်းပို့ရန် တောအုပ်ကြီးရှိရာသို့ လာခဲ့ကြသည်။

"တောမှဆိုးကြီးတို့ ဘာသားကောင်ရခဲ့သလဲဗျ"

တောအုပ်ကြီးက မေးသည်။







www.burmeseclassic.com

www.burmeseclassic.com



"ကျီပေါက်တစ်ကောင် ရခဲ့တယ်ဆရာ၊ ဒါပေမဲ့ ဆင်ဦးစီးနှစ်ယောက်လောက်ခေါ်ပြီး တောထဲပြန်သွားရဦးမယ်"

"ဟင် ... ဘာဖြစ်လို့လဲဗျ"

"ဟို ... မေမှုးသန်းဝင်းက တောထဲမှာ လူစုကွဲပြီး ပျောက်ကျန်ခဲ့တယ်၊ ဒီကောင်သာ တစ်စုံတစ်ခုဖြစ်ရင်တော့ ..."

"အဟားဟား ... ဘယ်မှသွားရှာမနေပါနဲ့၊ တောမုဆိုးကြီးတို့အမဲပစ်ထွက်သွားပြီး နောက်တစ်နေ့မှာပဲ သန်းဝင်းက စခန်းကို ပြန်ရောက်လာတယ်၊ ဘာတွေကြောက်လန့်လာလည်း မသိပါဘူး ... ကယောင်ကတမ်းတွေအော်ပြီး ဖျားနေတယ်၊ ကျန်းမာရေးမှူးခေါ်ပြီး ဆေးထိုးပေးနေရတယ်"

"ဗျာ ... သန်းဝင်းရောက်နေပြီ ... တော်ပါသေးရဲ့ဗျာ၊ ဒီသတင်းကြားရတော့မှပဲ ရင်ထဲကအပူလုံးကြီး ကျသွားတော့တယ်၊ ကျွန်တော့်





ကို သန်းဝင်းဆီသွားခွင့်ပြုပါဦး"

ကျွန်ုပ်နှင့်ကြွက်ညိုတို့သည် သန်းဝင်းရှိသည့်တဲသို့ မပြေးရုံတမယ် သွားကြ< ၁၏။

"ဟင် ... အဘနဲ့ကြွက်ညိုတို့ပြန်လာပြီ၊ အဘတို့ ဘာမှမဖြစ်ကြဘူးနော်"

"ဟ ... ငါတို့က ဘာဖြစ်ရမှာလဲ၊ ငါတို့က မင်းပျောက်လို့ တောထဲမှာ မြေလှန်ရှာနေတာ၊ မတွေ့တော့ စိုးရိမ်ပြီး ရင်ထဲမှာ ပူလောင်နေတာပဲ၊ မင်းကသာ ဘယ်လိုဖြစ်ရတာလဲ"

"အဲဒီညက အဘနဲ့ကြွက်ညိုက ကျွန်တော့်ကိုထားခဲ့ပြီး ရေသွားခပ်ကြတယ် မဟုတ်လား၊ ကျွန်တော်က မီးဖိုပြီးစောင့်နေတာ၊ ခဏကြာတော့ ...'ဟော့ကောင် မေမှုးရေ မေမှုးရေ' ဆိုတဲ့ ကြွက်ညိုရဲ့ခေါ်သံလိုလို ကြားရတယ်၊ ကျွန်တော်က ကြွက်ညိုခေါ်တယ်ထင်ပြီး လိုက်လာတာ လမ်းရောက်တော့မှ အမွေးတွေနဲ့ မည်းမည်းကောင်ကြီး, အရပ်က ခြောက်ပေ,ခုနစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



လောက် မြင့်တယ်၊ လက်သည်းတွေက အရှည်ကြီး၊ မျက်လုံးတွေကလည်း ပန်းကန်လုံးလောက်ရှိမယ်၊ မျက်လုံးကြီးပြူးကြည့်ပြီး ကျွန်တော့်ကိုလိုက်လို့ ပြေးလိုက်ရတာ တစ်ညလုံးပဲ၊ သေနတ်နဲ့ပစ်တော့လည်း ကျည်မထွက်ဘူး၊ ပြေးရင်းပြေးရင်းနဲ့ စခန်းကိုရောက်လာတာပဲ၊ ဟင်း ... ပြောရင်းနဲ့တောင် ကြက်သီးထလာတယ်''

''ဟင်း ... အေး ... အဲဒီညက မင်းကိုလိုက်ရှာပြီး မတွေ့လို့ စခန်းချတဲ့နေရာကို ပြန်လာတော့ ငါတို့အနည်းအပါးပဲ သောက်ထားတဲ့ ပုလင်းထဲက လက်ကျန်အရက်တွေကလည်း တစ်စက်မှမရှိတော့ဘူး၊ ယုန်သားလည်း စားသွားလိုက်တာ ဘာမှမကျန်ဘူး၊ ထူးဆန်းလိုက်တာကွာ ... ငါတစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမကြုံဖူးဘူး''

''ကျွန်တော်လည်း ကြောက်လန့်ပြီး ဖျားတာ ဆေးထိုးရတယ်၊ အိပ်ပျော်သွားတာနဲ့ အဲဒီကောင်ကြီးကိုမြင်လို့ ထအော်မိတာ ညတိုင်းပဲ''





''တောထဲမှာ မကောင်းဆိုးဝါးဆိုတာ ရှိချင်ရှိမှာပေါ့၊ စခန်းကို ပြန်ရောက်နေပြီပဲကွာ၊ ကြောက်စိတ်ကို ဖျောက်လိုက်တော့''

''အဘတို့ ဘာသားကောင် ရခဲ့သလဲ''

''ဂျီပေါက်တစ်ကောင်ပဲရခဲ့တယ်၊ မင်းနေမကောင်းဘူးဆိုတာ သတင်းလာမေးတာ၊ ဂျီပေါက်ကို အသားဖျက်ရဦးမယ်၊ ချက်ပြီးရင်လာပို့ပေးမယ်၊ အဘတို့သွားဦးမယ်''

''ဟူး .. မင်းသာ တောထဲမှာ အန္တရာယ်တစ်စုံတစ်ရာကြောင့် သေသွားရင် ငါနဲ့အဘက အမှုပတ်မှာကွ၊ သွားမယ်ကွာ ... ညကျမှ လာခဲ့မယ်''

ကျွန်ုပ်နှင့်ကြွက်ညိုက ဂျီပေါက်ကို အသားဖျက်ပြီး ကြိုးဝိုင်းထဲမှလူများအား လိုက်ဝေပေးသည်။ သန်းဝင်းကြုံတွေ့ရသည်များ၊ ကျွန်ုပ်နှင့်ကြွက်ညိုတို့ ကြုံတွေ့ရသည်များကို ဆင်လုပ်သားများက နားထောင်ပြီး အံ့ဩနေကြလေသည်။ မည်းမည်းအကောင်ကြီးနှင့် အရက်၊ ယုန်သား



www.burmeseclassic.com

www.burmeseclassic.com



တို့ ပျောက်ဆုံးပုံကို ကျွန်ုပ်ကိုယ်တိုင် စဉ်းစားမရအောင်ဖြစ်နေပါတော့သည်။

❋ ❋ ❋

လင်းမြတ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

# ဆီးတောကျွင်းက သီချင်းသံ

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်ခန့်က ဖြစ်ပါလေ၏။

တစ်ခုသောညတွင် သုံးဆယ်မြို့အနောက်ဘက်ရွာမလေးသာတိုက်ဘုန်းကြီးကျောင်းတွင် ကပ္ပိယလုပ်နေသော ကျွန်ုပ်သည် အိပ်မပျော်နိုင်သေးသဖြင့် မှန်အိမ်မီးနှင့် မဂ္ဂဇင်းစာအုပ်ဟောင်းတစ်အုပ်ကို ဖတ်ရှုနေမိလေ၏။

အချိန်မှာ ညဉ့်နက်နေပြီဟု ဆိုရမည်ဖြစ်၏။ လဆန်းရက်ဖြစ်သောကြောင့် အပြင်ဘက်တွင် လရောင်သည် မှုန်ပျပျသာနေတော့၏။

လင်းမြွတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လေသာတိုက်ကျောင်းအရှေ့ဘက်ဆီမှ မိန်းကလေးတစ်ဦး၏သီချင်းဆိုသံကို ကြားလိုက်မိလေ၏။

ဆီးတောကွင်းသည် သုံးဆယ်ချောင်းကမ်းပါးတွင်ရှိလေ၏။ ဆီးသီးအချိုပင်၊ ဆီးသီးအချဉ်ပင်များစွာ ပေါက်ရောက်နေသဖြင့် ဆီးတောကွင်းဟု ခေါ်ဆိုနေကြလေ၏။ ဆီးတောကွင်း၏တောင်ဘက်အရပ်တွင် အလယ်တိုက်ဘုန်းကြီးကျောင်း ရှိလေသည်ဖြစ်ရာ ဆီးတောကွင်းသည် သင်္ဘာသနာ့ဝတ္ထကမြေဖြစ်လေ၏။ ဆီးတောကွင်းထဲတွင် သရက်ပင်များစွာလည်း ရှိလေ၏။ တကယ့်တောကြီးမျက်မည်းသဏ္ဌာန်ဆောင်နေသော ကွင်းကျယ်ကြီးဟုဆိုခြင်းပေသည်။

ဆီးသီးမှည့်သောအချိန်တွင် ရွာခံကလေးများနှင့် အခြားရွာမှကလေးများသည် ဆီးတောကွင်းသို့လာရောက်ပြီး ဆီးသီးကောက်ကြလေ၏။ ထိုကာလတွင် ကျောင်းသားများသည် ကျောင်းပြေးပြီး ဆီးတောကွင်းသို့ လာနေကြသည်ကို ကျွန်ုပ် မြင်တွေ့ဖူးလေ၏။ ညနေကျမှ ဟန်မပျက် အိမ်သို့ ပြန့်သွ ားကြလေတော့၏။

သည ...သ်လိုညအချိန်မျိုးတွင် ဆီးတောကွင်းသည် မည်း





မှောင်၍နေ၏။ မည်သူမှ ဖြတ်သွားဖြတ်လာမပြုရဲကြတော့။ ဆီးတောကွင်းထဲတွင် စေတီပုထိုးပျက်များစွာ ရှိလေ၏။ သုံးဆယ်ချောင်းရေက နှစ်စဉ်တိုက်စားလျက်ရှိရာ စေတီပုထိုးပျက်များသည် ကမ်းပါးပြိုသည့်အခါတိုင်း ရေအောက်သို့ ငုပ်လျှိုးသွားရလေတော့၏။

ဆီးတောကွင်းထဲမှ သည်လိုသီချင်းသံမျိုး တစ်ခါမှ မကြားဖူးသောကြောင့် ကျွန်ုပ် အံ့ဩနေမိလေ၏။ ဘယ်လိုမိန်းကလေးက သည်ဆီးတောကွင်းထဲသို့လာပြီး သီချင်းသီဆိုနေပါလိမ့်ဟု တွေးလိုက်မိ၏။ သီချင်းဆိုသံက ပေါ်လာလိုက် ပျောက်သွားလိုက်နှင့်ဆိုတော့ ကျွန်ုပ်အတွက် စဉ်းစားစရာဖြစ်လာရလေ၏။ ကျွန်ုပ်မှာ စာမဖတ်နိုင်အောင် ဖြစ်သွားရလေသည်။ သည်သီချင်းဆိုသံကို ရွာထဲကလူတွေလည်း ကြားနိုင်လောက်မည်ဟု ကျွန်ုပ်ထင်မိလေ၏။

ချစ်တဲ့သူပြန်လာလိမ့်နိုး မျှော်ကိုးစောင့်စားသူတစ်ဦး၏ ရင်တွင်းခံစားချက်ကို ဖွဲ့ဆိုထားသောသီချင်းမျိုးဖြစ်သည်ကို ကျွန်ုပ်သိလိုက်၏။ ကျွန်ုပ်ကိုယ်တိုင် မယ်ဒလင်ကိုကောင်းမွန်စွာတီးခတ်တတ်သူဖြစ်ရာ မည်သည့်အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သီဆိုနေသည်ကို အကဲတ်သိနေလေ၏။ သီချင်းစာသားများက အလွမ်းဘက်သို့ အားပြုလွန်းလှချေ၏။ ကျွန်ုပ်အနေဖြင့် ဆီးတောကွင်းသို့သွားကြည့်ရန်လည်း မဖြစ်နိုင်ပါချေ။ ကျောင်းထိုင်ဆရာတော်ကြီးသိသွားလျှင် အပြစ်တင်မည်မှာ မုချမလွဲ။

"ဟဲ့ . . . ကပ္ပိယကြီး . . . ဆီးတောကွင်း
ထဲ ဘာသွားလုပ်တာလဲ"

ဟုမေးလျှင် ကျွန်ုပ် မည်သို့ပြန်ဖြေရမည်ကို မစဉ်းစားတတ်ပါ။ တကယ်တော့ ကျွန်ုပ်က ဘုန်းကြီးကျောင်းဝေယျာဝစ္စအားလုံးကို ဆောင်ရွက်ပေးနေရသူမဟုတ်လား။ ယခင်က ကျွန်ုပ်သည် အညာဒေသမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နေခဲ့၏။ ဆရာဘုန်းကြီးက ပျံလွန်ခါနီးအချိန်တွင် . . .

"ဟဲ့ . . ကပ္ပိယတိမ်ရောင် . . . တကယ်
လို့များ ဘုန်းကြီးပျံလွန်တော်မူသွားရင် အောက်
ပြည်အောက်ရွာက ငါ့တပည့်ဘုန်းကြီးကျောင်းမှာ
သွားနေချေကွယ့်"





ဟု မိန့်မှာခဲ့လေ၏။ တစ်နှစ်ခန့်ကြာသောအခါ ဆရာဘုန်းကြီးက နှလုံးရောဂါဖြင့် ဘဝနတ်နတ်နန်းသို့ စံမြန်းသွားလေ၏။ ထိုအခါ ကျွန်ုပ်သည် လေသာကျောင်းတိုက်သို့ စုံစမ်းပြီးလာခဲ့လေ၏။ လေသာတိုက်ဆရာတော်က သဘောမနော ကောင်းလေ၏။ သူ့ဆရာ၏တပည့်မို့ ခွင့်ပြုလက်ခံသည်။ ဆွမ်း၊ ကွမ်းကိစ္စအား ကျွန်ုပ်စိတ်တိုင်းကျဆောင်ရွက်စေလေ၏။ ကျွန်ုပ်က ရွာထဲသို့ သွားလေ့သွားထမရှိ။ ထို့ကြောင့် ကျောင်းသို့လာတတ်သည့် ရွာသူရွာသားလောက်ကိုသာ ကျွန်ုပ်သိလေ၏။

ကျွန်ုပ်သည် နံနက်အစောကြီးထကာ ဆွမ်းဟင်းချက်ရမည်ဖြစ်သောကြောင့် ဘုရားရှိခိုးပြီးသည်နှင့် အိပ်ရာသို့ဝင်လိုက်၏။ အရုဏ်မရောက်မီတွင် အိပ်ရာမှနိုးလာရာ ဘုန်းကြီးကျောင်းသားအား နှိုးရလေ၏။

"ဟဲ့ . . . မောင်ကျောင်းသား အိပ်ရာက
ထတော့"

ကျောင်းသားလေးက . . .

"အစောကြီးရှိသေးတယ်မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးရဲ့''

ဟု အိပ်ချင်မူးတူးနှင့်ပြောရာ ကျွန်ုပ်က ...

''မင်းအိပ်ချင်သေးရင်လည်း သဘောပဲ လေ ... ဘုန်းကြီးကြိမ်လုံးကို မကြောက်ရင်ပေါ့''

ဟု ပြောလိုက်မိ၏။

''ထပါပြီ ကပ္ပိယကြီးရယ် ... ဘုန်းကြီး ကြိမ်လုံးတော့ ကြောက်မိပါရဲ့''

ဆိုကာ အုတ်ကန်တွင် မျက်နှာသွားသစ်လေ၏။ ကျွန်ုပ်သည် ဆွမ်းချက်ရုံထဲတွင် ဆွမ်းချက်နေရင်မှ ညက သီချင်းသီဆိုသံကြားသည့် ဆီးတောကွင်းဘက်သို့ လှမ်းကြည့်လိုက်မိ၏။ ဆီးတောကွင်းသည် အမှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ ကျွန်ုပ်သည် ဆွမ်းဟင်းကျက်သည်နှင့် ဆွမ်းပွဲပြင်ထားလိုက်၏။ တုံးမောင်းခေါက်၏။ သံဃာတော်များ ဆွမ်းဘုဉ်းပေးနေစဉ် လိုအပ်သည်များကို ဆောင်ရွက်ပေးရလေ၏။

''ကပ္ပိယကြီး ညက တော်တော်နဲ့မအိပ် ဘူးထင်တယ်''





''မှန်ပါ့ဘုရား ... ညက စာဖတ်ကောင်း နေလို့ ညဉ့်နက်သွားပါတယ်''

''အိပ်ရေးပျက်မခံနဲ့လေ ... မနက် အစောကြီး ဆွမ်းထချက်ရတာ''

''မှန်ပါ့ဘုရား''

''ကဲ ... ကဲ ... မနက်စာစားလိုက်ဦး ကပ္ပိယကြီး''

ကျွန်ုပ်သည် မနက်စာစားပြီးသည်နှင့် နေ့လယ်ဆွမ်းအတွက် ပြင်ဆင်ချက်ပြုတ်ရလေတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ညစာစားပြီးသည်နှင့် ဆေးတံတွင် ဟာကျီးနီးယားဆေးမှုန့်ကို ထည့်ကာသောက်နေမိ၏။ ဆေးတန်အိုးကို ပါးစောင်တွင်ကိုက်ကာ စာဖတ်နေရသည့်အရသာကို ကျွန်ုပ်သည် အထူးခုံမင်လေ၏။ ခါတိုင်းညများတွင် ရွာထဲမှ ဦးအေးဆောင်က ကျွန်ုပ်နှင့် စကားစမြည်လာပြောလေ့ရှိရာ ကျွန်ုပ်သည် စာဖတ်နေရင်းမှ ကျောင်းပေါက်ဝသို့ လှမ်းကြည့်နေမိ၏။

ကျွန်ုပ်သည် စာဖတ်နေရင်းမှ ညဉ့်နက်လာသည်ကို သတိမထားမိ။ ထိုအချိန်တွင် ဆီးတောကွင်းထဲမှ သီချင်းသံ





သဲ့သဲ့ကို ကျွန်ုပ် ကြားလာမိ၏။ ကျွန်ုပ်သည် ဖတ်လက်စစာအုပ်ကို ဘေးသို့ချကာ ကျောင်းရှေ့သို့ထွက်လာခဲ့၏။ သီချင်းသံကို ပီပီသသ ကြားလာရလေ၏။ သီချင်းစာသားမှာ လွမ်းစရာဆွေးစရာများ ဖြစ်လေ၏။ သီချင်းဆိုသံကိုကြားရ၍ ဖြင့် ငယ်ရွယ်သော မိန်းကလေးတစ်ဦးဖြစ်ကြောင်း ကျွန်ုပ် ခန့်မှန်း၍ရ၏။ ဘယ်သို့သောအကြောင်းကိစ္စကြောင့် သည် ဆီးတောကွင်းသို့လာကာ သီချင်းသီဆိုနေပါလိမ့်ဟု ကျွန်ုပ်မှာ မဆီမဆိုင်တွေ တွေးလိုက်မိ၏။ ကျွန်ုပ်မှာ အသက်အရွယ်ကိုမေ့လျော့ကာ ဆီးတောကွင်းထဲသို့ သွားရောက်ကြည့်ရှုချင်စိတ်များပင် ဖြစ်ပေါ်လာမိ၏။ သို့သော် မဖြစ် . . . ဆရာတော်သိသွားလျှင် တစ်မျိုးတစ်မည်ထင်သွားမည်ကို စိုးရိမ်မိသောကြောင့်ဖြစ်လေ၏။

"ဆရာတော်ဘုရား . . . ဆီးတောကွင်း
ထဲက စေတီပုထိုးပျက်တွေကို ဘယ်သူတွေ
တည်ထားကိုးကွယ်ခဲ့တာလဲ ဘုရား"

ကျွန်ုပ်၏လျှောက်တင်ချက်ကို ကြားရသောဆရာတော်သည် . . . 'ဒီက ကပ္ပိယကြီး ဒီအကြောင်း ဘာလို့မေး



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်' အတွေးမျိုးဖြင့် ကျွန်ုပ်၏မျက်နှာကို စူးစိုက်စွာကြည့်နေလေ၏။

"ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

"သိချင်လို့ပါဘုရား"

"အင်း . . . သိချင်တော့လည်း ပြောပြရတာပေါ့"

*



လွန်ခဲ့သောနှစ်ပေါင်းများစွာက သည်ဆီးတောကွင်းနေရာသည် တောအုပ်နေရာကြီး ဖြစ်လေ၏။ လူသွားလူလာအရောက်အပေါက်နည်းလှ၏။ သစ်ဝါးပေါသောနေရာဖြစ်သောကြောင့် သစ်ဝါးအလိုရှိသောအခါမှ သစ်ဝါးခုတ်ရန်လူတို့ရောက်လာသည့်နေရာဟု ဆိုရချေမည်။ ထိုစဉ်က အရှေ့မှအနောက်သို့ ဖြတ်သန်းစီးဆင်းလာသော သုံးဆယ်ချောင်းသည် ဆီးတောကွင်းဟု ဖြစ်ပေါ်လာမည့်နေရာနှင့် အလွန်အလှမ်းဝေးလေ၏။

သုံးဆယ်ချောင်းသည် အနောက်ဘက်သို့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လက်စီးဆင်းသွားရာ တောင်မြောက်စီးဆင်းနေသော မြစ်မခမြစ်ထဲသို့ စီးဝင်လေ၏။ မြစ်မခမြစ်၏တစ်ဖက်ကမ်းတွင် စွယ်ရေမြို့ရှိလေ၏။ ရှေးမြန်မာဘုရားမင်းများလက်ထက်က မြစ်ကမ်းနားမြို့တော်ဖြစ်လေ၏။ လှေကြီးများဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် ဆိပ်ကမ်းမြို့အဖြစ် သတ်မှတ်ထားလေ၏။ လူနေအိမ်ခြေများစွာရှိ၍ အထူးစည်ကားလှပေ၏။

ရှေးမြန်မာမင်းတစ်ပါးသည် မြစ်မခမြစ်မှ သုံးဆယ်ချောင်းရိုးအတိုင်း ရဲမက်ဗိုလ်ပါများ၊ မင်းသားမင်းသမီးငယ်များနှင့်အတူ ဆန်တက်လာခဲ့လေ၏။ ဆီးတောကွင်းဟု ဖြစ်ပေါ်လာမည့်အရပ်သို့ရောက်သောအခါ သစ်ပင်ဝါးပင်များကို ခုတ်ထွင်ရှင်းလင်းစေပြီး ယာယီထီးနန်းအဖြစ် စံမြန်းတော်မူလေ၏။ ထိုအချိန်၌ သုံးဆယ်မြို့သည် တည်ရှိနေပြီလား မရှိသေးဘူးလားဆိုသည်ကို အတတ်မပြောနိုင်။

မြန်မာမင်းတစ်ပါးသည် ဆီးတောကွင်းနေရာတွင် စံမြန်းရသည်ကို ပျော်ပိုက်သောကြောင့် ထိုနေရာ၌ စေတီပုထိုးများကို တည်ထားကိုးကွယ်ခဲ့လေ၏။ မြန်မာဘုရင်နှင့်





အပေါင်းအပါတို့သည် ဆီးတောကွင်းနေရာတွင် လပေါင်းများစွာ နေထိုင်ပြီးမှ မြစ်မခဖြစ်သို့ လောင်းလှေများဖြင့် စုန်ဆင်းသွားကြလေ၏။

⁕



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . နှစ်ပေါင်းများစွာ ကြာပြီဆိုတော့ စေတီပုထိုးတွေလည်း ဟောင်းနွမ်းပျက်စီးကုန်ကြပြီ၊ သုံးဆယ်ချောင်းကလည်း နှစ်စဉ် ရေတိုက်စားပြီး ကမ်းပါးပြိုတာကြောင့် ဆီးတောကွင်းအထိ ရောက်လာတယ်။ အချို့စေတီတော်တွေက ချောင်းရေတိုက်စားလို့ ကမ်းပါးပြိုတဲ့အထဲ ပါသွားကြတယ်၊ ချောင်းရေအလျင်က ပြင်းထန်တော့ ချောင်းကမ်းနားက စေတီပုထိုးတွေ မပြိုကျ မပျက်စီးအောင် ကာကွယ်ဖို့ဆိုတာလည်း မလွယ်





လှပေဘူး၊ အခု ကပ္ပိယကြီး ဖူးတွေ့နေရတဲ့ စေတီပုထိုးတွေဟာ ရှေးဟောင်းသမိုင်းဝင်တွေပဲ၊ သုံးဆယ်မြို့ရဲ့ သက်တမ်းအရှည်ကြာဆုံးသော စေတီပုထိုးတွေပါပဲ . . . ၊

စေတီပုထိုးဟောင်းတွေ ရေတိုက်စားလို့ ပြိုကျပျက်စီးသွားတဲ့အခါ စေတီပုထိုးအတွင်းမှာ ဌာပနာထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ, ရှေးခေတ်ငွေဒင်္ဂါးတွေကို ရွာသားတွေကတွေ့လို့ ဆရာတော်ဆီမှာ လာရောက်အပ်နှံထားလို့ ဘုရားခန်းထဲမှာ အပူဇော်ခံထားတာ ကပ္ပိယကြီးအမြင်ပဲ မဟုတ်လား၊ တချို့ရွာသားတွေက လောဘစိတ်နဲ့ ဌာပနာပစ္စည်းတွေကို ရောင်းစားခဲ့လို့ ဒုက္ခတွေ့ခဲ့ရတဲ့ သာဓကတွေလည်း ရှိတယ်၊ ဘေးသင့်တတ်တယ်၊ ကပ္ပိယကြီး . . . ဘုန်းကြီးတို့ကျောင်းကို ရောက်နေတာကြာပြီ၊ အခုမှ ဘယ်လိုစိတ်ကူးပေါက်ပြီး မေးမြန်းရတာလဲ"

ဆရာတော်ကြီးသည် ကျွန်ုပ်အား ရှင်းလင်းပြောပြပြီး



www.burmeseclassic.com

www.burmeseclassic.com



မောပန်းဟန်ရှိလေ၏။ ကျွန်ုပ်က ...

"ဒီရှေးဟောင်းစေတီပုထိုးတွေကို ပြုပြင်မယ့်ဒါယိကာတွေ ပေါ်ပေါက်လာရင် ဒီနယ်မြေမှာ ဗုဒ္ဓသာသနာ ပိုမိုပွင့်လန်းလာမှာပဲ တွေးမိလို့ပါဘုရား"

"အင်း ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ပေါ်လာမှာပေါ့ ကပ္ပိယကြီးရယ်၊ ကဲ ... ကဲ ... ဘုန်းကြီးလည်း ရွာထဲဘက် ဆွမ်းခံကြွဦးမယ်"

"တင်ပါ့ဘုရား"

ကျွန်ုပ်လည်း ကျောင်းအတွင်းမှ အမှိုက်သရိုက်များကို လှည်းကျင်းရန် တံမြက်စည်းကိုကိုင်၍ ထွက်လာမိတော့၏။

*



"ဗျို့ ... ကပ္ပိယကြီး"

ညအမှောင်ပျိုးချိန်တွင် ကျောင်းပေါ်သို့တက်လာသည့် ခြေသံနှင့်အတူ ခေါ်သံကိုလည်း ကျွန်ုပ်ကြားလိုက်မိလေ၏။

"လာ ကိုအေးဆောင် ... နေကောင်းသွားပြီလား"

"အေးဗျာ ... နေမကောင်းလို့ ကျောင်းကိုတောင် မလာနိုင်ဘူး၊ ဆရာတော်ရော"

"ဆရာတော် မနက်ကျရင် မြို့ထဲ ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



စားကြွမှာမို့ ကျိန်းစက်နေပြီ၊ ဆရာတော်က အသက်အရွယ်ရလာပြီမို့ ကိုရင်လေးကို ရွာထဲ ဆွမ်းခံနိုင်းဖို့လျှောက်တာ လက်မခံဘူး၊ စကြံ လျှောက်လို့ရနေသမျှ ဆွမ်းခံကြွမှာပဲတဲ့''

ကျွန်ုပ်စကားကြောင့် ကိုအေးဆောင်က ခေါင်း တဆတ်ဆတ် ညိတ်နေလေ၏။

''ဆရာတော်က ရှေးသံဃာတော်ကြီး တွေအတိုင်း ဆောင်ရွက်ချင်တာကိုး''

''အင်း ... ဟုတ်တယ်ဗျ၊ ဒါနဲ့ ကိုအေး ဆောင်ကို မေးစရာတစ်ခုရှိတယ်၊ ကိုအေးဆောင် ရဲ့အိမ်က ဆီးတောကွင်းနဲ့ နီးကပ်နေတယ် မဟုတ်လား''

ဟု ဆိုလိုက်ကာ ကိုအေးဆောင်မှာ ဘာများပါလိမ့် ဆိုသည့်အတွေးနှင့် ကျွန်ုပ်ဆက်ပြောမည့်စကားကို မျှော်လင့် နေလေ၏။

''ည (၁၂) နာရီလောက်မှာ ဆီးတော ကွင်းထဲက မိန်းကလေးတစ်ယောက်ရဲ့ သီချင်း





ဆိုသံကို ကြားမိတာ နှစ်ရက်ရှိပြီ၊ ဘယ်သူဘယ်ဝါ လဲဆိုတာ ကျွန်တော်သိချင်လို့ သွားကြည့်နေ တာ၊ ဆရာတော်ကြီးသိရင် ... အင်း ...''

ကျွန်ုပ်က စကားကိုမဆက်ဘဲ ရပ်လိုက်၏။ ကိုအေး ဆောင်က နားလည်သဘောပေါက်၍ ခေါင်းညိတ်ပြသော ကြောင့်ပင် ဖြစ်လေ၏။

''အင်း ... ကျွန်တော်လည်း အဲဒီသီချင်း ဆိုသံ ကြားမိတာကြာပြီ''

ဟု ကိုအေးဆောင်ကပြောလိုက်ရာ ကျွန်ုပ်မှာ ... 'ဟုတ်သလား' ဆိုသည့်အမူအရာမျိုးဖြင့် အံ့သြသွားမိလေ ၏။

''ပြောစမ်းပါဦးဗျ''

''သီချင်းဆိုသံကြားပေမယ့် ဆီးတော ကွင်းထဲကို မသွားရဲပါဘူး''

''ဟင် ဘာဖြစ်လို့လဲ''

ဟု ကျွန်ုပ်က မေးလိုက်ရာ ...

''အိမ်ကမိန်းမက တစ်မျိုးတစ်မည်ထင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြဿနာရှာမှာစိုးလို့ပျ"

ဟုပြောသဖြင့် ကျွန်ုပ်မှာ အသံမထွက်အောင် ရယ်မိလေတော့၏။

"အေးဗျာ . . . ကျွန်တော်ကတော့ သီချင်းသံပီပီသသ ကြားမိပြီးကတည်းက သို့လော . . သို့လော ဖြစ်နေတယ်"

"အဲဒီဆီးတောကွင်းထဲက ညဘက်ဆိုရင် အော်ဟစ်ညည်းညူသံတွေတောင် ကြားရတယ်လို့ ရွာသားတွေက ပြောဖူးတယ်၊ တစ်ခါက အရက်မူးပြီး ပြန်လာတဲ့ သရက်လေးပင်ရွာသား (ရွာမရွာ၏ချောင်းတစ်ဖက်ကမ်းတွင်ရှိသောရွာ) တစ်ဦးကို . . ."

✳



သရက်လေးပင်ရွာသားထွန်းမောင်က ရွာမရွာမှ ခင်ဝင်းအိမ်တွင် အရက်သောက်ပြီး ဆီးတောကွင်းကိုဖြတ်၍ သူ့ရွာသို့ ပြန်သည်။ ဆီးတောကွင်းထဲသို့အရောက်တွင် သူ့ရှေ့မှဖြတ်လျှောက်သွားသော မိန်းကလေးတစ်ဦးကို လရောင်ဖြင့် မြင်တွေ့လိုက်မိ၏။

"ဟဲ့ကောင်မလေး . . . နင် ဘယ်သွားမလို့လဲ"

ခင်ဝင်းက နောက်မှလိုက်သွားရင်း မေးသည်။ မိန်းကလေးက ဘာမှပြန်မပြော။ ချောင်းဆင်းလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားလေ၏။

"ဒီကောင်မလေးကွာ ... ညဘက်ကြီး ဘယ်သွားမလို့လဲ မသိဘူး"

ဟု ခင်ဝင်းက တစ်ယောက်တည်းပြောဆိုပြီး နောက်မှလိုက်လာရာ မှောင်ရိပ်ထဲသို့အရောက်တွင် ရှေ့မှ သွားနေသောမိန်းကလေးမှာ ပျောက်ခြင်းမလှပျောက်သွား လေ၏။ ခင်ဝင်းမှာ ဆံပင်မွေးများထောင်သွားလေ၏။ အရက်မူးနေသည့်အရှိန်ပင် ပျောက်သွားရလေ၏။ ခင်ဝင်းက ချောင်းထဲသို့ ဟိုကြည့်သည်ကြည့်ကြည့်ပြီး တစ်ဖက်ကမ်း ပါးပေါ်သို့ ပြေးတက်လာခဲ့၏။

"ဟေ့ကောင် ခင်ဝင်း ... ကြောင် တောင်တောင်နဲ့ ဘာဖြစ်လာတာလဲ"

အိမ်ရောက်သည်နှင့် မျက်လုံးအပိုင်းသားနှင့် ဘာ စကားမှမပြောဘဲ ငြိမ်နေသောခင်ဝင်းကို သူ့အစ်ကိုလှိုင်တိုး က မေးလေ၏။

"ဟို ... ဟို ... ဆီးတောကွင်းထဲမှာ ကောင်မလေး ..."





"အေး ... ကောင်မလေး ဘာဖြစ်လဲ"

"ကောင်မလေး ကျွန်တော့်ရှေ့က သွား နေရင်းက ပျောက်သွားတယ်"

"တောက် ... အရက်တွေ တအားမူး လာပြီး မြင်ချင်ရာမြင်လာတယ်နဲ့တူတယ်"

ဟု သူ့အစ်ကိုကပြောရာ ခင်ဝင်းမှာ ခံပြင်းစိတ်တွေ ဖြစ်သွားပြီး အိပ်ရာထဲသို့ ဝင်ကာ အိပ်စက်လိုက်လေတော့ ၏။

⁕



www.burmeseclassic.com

www.burmeseclassic.com

“အဲသလိုအဖြစ်အပျက်မျိုးတော့ ကြားဖူး
တယ်၊ ကဲ … ညဥ့်နက်လာပြီ၊ ကပ္ပိယကြီးလည်း
မနက်ဆွမ်းထချက်ရဦးမယ် မဟုတ်လား”

ကျွန်ုပ်သည် ကိုအေးဆောင် ပြန်သွားသည်နှင့် အိပ်ရာသို့ဝင်ခဲ့ရာ တစ်နေကုန်ပင်ပန်းထားသည်မို့ ခေါင်းချသည်နှင့် အိပ်ပျော်သွားလေတော့၏။ ဘာမှမကြာဘူးဟု ထင်မိ၏။ နားထဲတွင် အိုးစည်ဗုံမောင်းသံများ ကြားရသဖြင့် ကျွန်ုပ်သည် အိပ်ရာမှလန့်နိုးသွားရလေ၏။ အသေအချာ နားစွင့်ကြည့်လိုက်တော့ ဆီးတောကွင်းထဲမှ ကြားရသော





အသံဖြစ်မှန်း သိရလေတော့၏။ ကျွန်ုပ်သည် ကျောင်းရှေ့သို့ ထွက်လာခဲ့မိ၏။ ဆီးတောကွင်းထဲသို့ အာရုံစူးစိုက်၍ကြည့် လိုက်မိရာ ဆီးတောကွင်းထဲ၌ မီးတုတ်အရောင်များကို လှမ်းမြင်ရလေ၏။ အမှောင်ထဲသို့ ကြည့်နေမိစဉ် အိုးစည်သံများသည် ရုတ်ခြည်းကွယ်ပျောက်သွားလေ၏။

‘ငါ့စိတ်တွေ ချောက်ချားနေတာများလား’

ဟု ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြန်တွေးမိ၏။ ထိုစဉ် ကျွန်ုပ်၏နောက်နားမှ ခြေသံကြားမိသဖြင့် လှည့်ကြည့်လိုက်မိ၏။

“ဘာဖြစ်လို့လဲ ကပ္ပိယကြီး”

“ဆီးတောကွင်းထဲက အိုးစည်ဗုံမောင်း
အသံတွေ ကြားလို့ပါဘုရား”

“ကပ္ပိယကြီးစိတ်ထင်လို့နေမှာပါ …
သွား .. အိပ်တော့ … အိပ်တော့”

✳



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အိပ်စက်ရန် အိပ်ရာထဲသို့ဝင်ပြီး ခေါင်းအုံးပေါ်သို့ ခေါင်းချမိရုံရှိသေး ဆီးတောကွင်းထဲမှ သီချင်းဆိုသံကို ကြားရသဖြင့် နားစွင့်နေလိုက်မိလေ၏။

ကျွန်ုပ်သည် အိပ်ရာထဲမှထွက်ကာ မီးအုပ်ဆောင်းအား ယူလေ၏။

ဆရာ တော်ကြီးမသိအောင် ဆီးတောကွင်းဘက်သို့ ထွက်လာခဲ့သည်။

လရောင်က ထိန်ထိန်သာနေသည့်မို့ မီးအုပ်ဆောင်းကို မထွန်းသေးပေ။

လင်းမြတ်စာပေ



"ဟင်"

ချောင်းကမ်းပါးဘေး စေတီပျက်နားတွင် လရောင်ဖြင့် အဖြူရောင်အင်္ကျီ၊ အဖြူရောင်ထိုင်မသိမ်းလုံချည်ဝတ်ဆင်ထားသော အသက်နှစ်ဆယ်အရွယ် မိန်းကလေးသည် လွမ်းဆွေးဖွယ်သီချင်းကို သီဆိုနေလေ၏။

ကျွန်ုပ်သည် သစ်ပင်အကွယ်မှ အမှောင်ရိပ်ကိုအားကိုးကာ ကြည့်နေမိလေ၏။

မိန်းကလေး၏ပခုံးပေါ်မှ ပဝါဖြူလေးသည် ဟိုသည်လွင့်နေလေ၏။

မိန်းကလေးသည် ပါးပြင်မှမျက်ရည်များကို သုတ်နေလေ၏။

မိန်းကလေးသည် သီချင်းဆုံးသည်နှင့် စေတီပျက်၏တစ်ဖက်သို့ လျှောက်သွားလေ၏။

စေတီပျက်က ကွယ်သွားသဖြင့် ကျွန်ုပ်မှာ မိန်းကလေးအား မမြင်ရတော့ချေ။

ကျွန်ုပ်သည် စိတ်တင်းကာ စေတီပျက်နားသို့ အမြန်လျှောက်လာခဲ့မိ၏။

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . မိန်းကလေး . . . မိန်းကလေး"

ကျွန်ုပ်သည် စေတီပျက်နားသို့လျှောက်လာ၏။

"ဟင်"

ကျွန်ုပ်မှာ ဆက်လျှောက်လျှင် ချောင်းထဲသို့ကျသွားတော့မည်ကို သိလိုက်သဖြင့် ရပ်နေလိုက်မိ၏။

စေတီ၏တစ်ဖက်တွင် ချောက်ကမ်းပါးကြီးဖြစ်နေတော့၏။

ချောက်ထဲသို့ ငုံ့ကြည့်သော်လည်း ဘာမှမတွေ့ရသဖြင့် ကျွန်ုပ်မှာ ကြောက်စိတ်ဝင်လာပြီး ကျောင်းသို့ ဟန်မပျက်ပြန်လာခဲ့ရာ ကျောင်းရောက်မှ ဆီးတောကွင်းထဲတွင် မီးအုပ်ဆောင်းကျန်ရစ်ခဲ့သည်ကို သတိထားမိတော့၏။

အဲသည်ညက ကျွန်ုပ်သည် တော်တော်နှင့် အိပ်မပျော်ဘဲ ရှိနေခဲ့၏။

"ကပ္ပိယကြီး . . . ညက ဆီးတောကွင်းကို ထွက်သွားတာ သိတယ်၊ ဆီးတောကွင်းနေရာမှာ ယာယီထီးနန်းစိုက်သွားတဲ့ မြန်မာမင်းနဲ့အတူပါလာတဲ့ မင်းသမီးလေးတစ်ပါးဟာ ငှက်





ဖျားရောဂါနဲ့ ကံတော်ကုန်သွားရှာတယ်၊ မင်းသမီးလေးဟာ စိတ်ရဲ့စွဲလမ်းမှုကြောင့် မကျွတ်မလွတ်သေးဘဲ ပရလောကသားဘဝနဲ့ ဆီးတောကွင်းထဲမှာ ကျင်လည်ကျက်စားနေမှာပေါ့၊ လသာတဲ့ညတွေမှာ ဆီးတောကွင်းထဲက သီချင်းဆိုသံကြားနေရတာ ကြာပြီ ကပ္ပိယကြီးရဲ့၊ ပရလောကသားတွေက သွေးဆောင်တာကို လူတွေက တကယ်ထင်ပြီး စူးစမ်းလေ့လာမိရင် သွေးလန့်သွားတာမျိုးတွေ ရှိတယ်ကွယ့်"

"တပည့်တော် ဆင်ခြင်မိပါပြီဘုရား"

ကျွန်ုပ်သည် လသာသောညများတွင် ကြားရသောသီချင်းဆိုသံကို ဂရုမထားတော့။

လသာညတွင် မြင်တွေ့ခဲ့ရသော မင်းသမီးလေးအား ဘုရားရှိခိုးပြီးတိုင်း အမျှအတန်း ပေးဝေခဲ့ရာ များမကြာမီတွင် ဆီးတောကွင်းမှ သီချင်းသံကို လုံးဝ မကြားရတော့ချေ။

မင်းသမီးလေးမှာ ကျွတ်တန်းရ၍ အခြားသောဘဝ



www.burmeseclassic.com


www.burmeseclassic.com



သို့ ရောက်သွားပြီဟု ကျွန်ုပ်မှ မှတ်ယူမိပြီး ဝမ်းသာနေမိတော့၏။

* * *






www.burmeseclassic.com

www.burmeseclassic.com

## ထူးထွေအံ့မခန်း ဖြစ်ရပ်ဆန်း (၁)

ကျွန်တော် အိမ်ရှေ့တွင်ထိုင်၍ စာရေးနေစဉ် ခြံရှေ့တွင် လူငယ်တစ်ဦး လာရပ်ပြီး လှမ်းကြည့်နေသည်ကို သတိပြုမိလိုက်၏။ သည်အရပ်, သည်ဒေသသို့ ကျွန်တော်တို့မိသားစု ပြောင်းရွှေ့နေထိုင်သည်မှာ တစ်နှစ်ခန့်သာ ရှိသေးသည်။ ပတ်ဝန်းကျင်က လူတွေနှင့်လည်း အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေခဲ့သည်။ ကျွန်တော့်နာမည်နှင့် ကျွန်တော့်အလုပ်အကိုင်ကိုပင် သိကြဦးမည် မဟုတ်သေး။ နောက်ဘက်တွင် လွယ်အိတ်ကလေးလွယ်၍ ကြော့ကြော့မော့မော့ထွက်သွားသည်။ ညမိုးချုပ်မှ အိမ်သို့ပြန်လာတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်လောက်သာ သူတို့မြင်တွေ့ကြရသည်။ ကျွန်တော်နှင့် သိကျွမ်းသည်သည့်လူတွေကတော့ ကျွန်တော့်အကြောင်းကို သိထားသည်။

"ဆရာရေ ... ဝင်ခွင့်ပြုပါ၊ ဆရာနဲ့တွေ့ ချင်လို့ပါ"

လူငယ်က ခွင့်တောင်းသည်။

"ဝင်လာခဲ့လေကွာ"

ကျွန်တော်က အိမ်ပေါ်မှဆင်းပြီး ဆီးကြိုသည်။

"ဘာကိစ္စလဲ မောင်ရင်"

"ကျွန်တော်က သင်္ဂဟာလမ်းထဲမှာ နေပါတယ်၊ ဆရာ့မိတ်ဆွေ ဦးကံဦးတို့အိမ်နားကပါ၊ ကျွန်တော့်ညီ ဘာဖြစ်မှန်း မသိဘူးဆရာ၊ မျက်လုံးကြီး ကလယ်ကလယ်နဲ့ ပါးစပ်ကလည်း တွေ့ကရာတွေ လျှောက်ပြောနေတယ်၊ အောင်မလေး ... အောင်မလေးဗျ ... ဆိုပြီး ကြုံးအော်နေတော့တာပဲ"

"မင်းညီက ဘယ်အရွယ်လဲ"

လင်းမြတ်စာပေ



"အသက်တစ်ဆယ့်ရှစ်နှစ်"

"ခဏစောင့်ကွာ ... ငါလိုက်ခဲ့မယ်"

ကျွန်တော်က လူငယ်ကို မသိပေမယ့် ကိုကံဦး လွှတ်လိုက်သည်ဟု ယူဆမိသဖြင့် အဘိုးဆရာသိန်းပေးထားသည့် သိဒ္ဓိဝင်ပုတီးကိုယူကာ လူငယ်နှင့်အတူ လိုက်လာခဲ့သည်။ ထိုအိမ်တွင် ကိုကံဦးရောက်နေသည်။

"ဒီမှာဗျာ ... ကောင်လေးကို ဘာတွေ ဝင်ပူး၊ ဝင်စီးနေမှန်း မသိလို့ ဆရာ့ကိုအခေါ်ခိုင်း လိုက်တာ"

ကိုကံဦးက ကျွန်တော့်လက်ကိုကိုင်ထားရင်း ပြောသည်။

"အဲဒီကောင်လေး ဘယ်မှာလဲ"

"အခန်းထဲမှာ ပိတ်ထားရတယ်၊ ဝုန်းဒိုင်းကျဲနေတာပဲ၊ မနေ့က ဘောလုံးကန်ပြီး ပြန်လာကတည်းကဖြစ်တာ၊ ဗိုက်ကိုနှိပ်ပြီး အောင်မလေးဗျ ... အောင်မလေးဗျ ... ဆိုပြီး တစ်ညလုံး အော်နေတာပဲ၊ သူ့ကို ဘာဖြစ်လို့လဲမေးတဲ့သူ

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း တွေ့ကရာနဲ့ ပစ်ပေါက်နေတယ်''

ကျွန်တော်က ကောင်လေးကိုပိတ်ထားသည့် အခန်းတံခါးကို ဖွင့်နိုင်းလိုက်သည်။ တံခါးပွင့်သွားသည်နှင့် ကောင်လေးက အိပ်နေရာမှထထိုင်သည်။ ကျွန်တော့်ကို မျက်လုံးကြီးပြူးပြီး ကြည့်နေသည်။

''ကောင်လေး . . . မင်း ဘာဖြစ်နေသလဲ''

ကောင်လေးက မဖြေ။ ကျွန်တော့်ကို ထိမထင်သည့် (မခန့်လေးစားသည့်ပုံသဏ္ဌာန်ကို ဆိုလိုပါသည်) အမူအရာနှင့် ပြနေသည်။ ကျွန်တော်က သူ့အနားသို့ လျှောက်သွားသည်။ သူ့မျက်နှာကို အကဲခတ်ကြည့်သည်။ သူ့မျက်လုံးများက လည်နေသလိုပင်။ ကျွန်တော်က သိဒ္ဓိဝင်ပုတီးကို ကောင်လေးလည်ပင်းတွင် ဆွဲပေးလိုက်သည်။ ကောင်လေး၏မျက်လုံး စုံမှိတ်သွားသည်။ ကျွန်တော်က သူ့ဦးခေါင်းပေါ်သို့ ကျွန်တော်၏ညာဘက် လက်ဖဝါးဖြင့် အုပ်မိုးထားလိုက်သည်။

''မင်း ဘာလို့ ကောင်လေးကို ဒုက္ခပေး





နေရတာလဲ၊ မင်း ဘယ်သူလဲ . . . ငါ့ကိုပြောစမ်း၊ မင်းကို သိဒ္ဓိဝင်ပုတီးနဲ့ ချည်ထားပြီးနော်''

''ကျုပ် ဒီကောင်လေးကို လုံးဝမကျေနပ်ဘူး၊ ဒီကောင်လေး ကျုပ်ကို စော်ကားထားတယ်''

ကောင်လေး၏ပင်ကိုအသံမဟုတ်မှန်း ကျွန်တော်နှင့်တကွ သူ့မိသားစုအားလုံး သိကြသည်။ ကောင်လေး၏အဖေနှင့်အမေသည် တစ်ယောက်၏မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေကြလေသည်။

''ကောင်လေးက မင်းကို ဘယ်လိုစော်ကားလို့လဲ''

''ကျုပ်နေထိုင်တဲ့သစ်ပင်ကို မဖွယ်မရာပြုပြီး အညစ်အကြေးစွန့်သွားတယ်၊ တံတွေးနဲ့လည်း ထွေးသွားတယ်''

ကျွန်တော်က ကောင်လေးအစ်ကိုကို လှမ်း၍ခေါ်သည်။

''မင်းရဲ့ညီလေး ဘောလုံးသွားကန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကွင်းထဲမှာ သစ်ပင်ကြီးကြီးမားမား ရှိသလား''

ကောင်လေး၏အစ်ကိုက တွေဝေကာ စဉ်းစားသည်။

''ဘောလုံးကွင်းဘေးမှာ သရက်ပင်ကြီးရှိတယ်''

''ဟာ ... ဒါဆိုဟုတ်ပြီ၊ မနေ့က မင်းရဲ့ညီက အဲဒီသစ်ပင်မှာ အညစ်အကြေးတွေစွန့်လို့ အစောင့်အရှောက်က မကျေမနပ်ဖြစ်ပြီး လုပ်ထားတာ''

''အင်း ... ဒီကောင်က စရိုက်ဆိုးတယ်၊ သူ့မထင်ရင် မထင်သလို လုပ်တတ်တယ်''

သူ့အဖေက ပြောသည်။

''ဒါဆို မင်းက ကောင်လေးကို နှိပ်စက်ထားတာပေါ့''

''ဟုတ်တယ် ... ကျုပ်ကို သူက စော်ကားထားလို့''





''မင်းကျေနပ်အောင် ငါတို့ ဘယ်လို ဆောင်ရွက်ပေးရ မလဲ''

''သစ်ပင်ခြေရင်းက နံစော်နေတဲ့ အညစ်အကြေးတွေမရှိအောင် လုပ်ပေးရင် ကျေနပ်တယ်''

''မင်းကျေနပ်အောင် ဆောင်ရွက်ပေးမယ်၊ ကောင်လေး သက်သာပျောက်ကင်းအောင် လုပ်ပေးပေတော့''

ကျွန်တော်က ဘောလုံးကွင်းထဲမှ သရက်ပင်အား အမွှေးနံ့သာများဖြင့် ဆေးကြောခိုင်းလိုက်သည်။ ကောင်လေး၏အစ်ကိုပြန်လာလျှင် ကောင်လေး၏လည်ပင်းမှ သိဒ္ဓိဝင်ပုတီးကို ဖြုတ်၍ နဖူးကိုလက်ဖြင့်တအားပုတ်လိုက်သည်။

''ဟင်း''

ကောင်လေးထံမှ သက်ပြင်းရှည်ချသံကြီးကို ကြားလိုက်ရ၏။

''ဘယ်လိုနေသေးလဲ''

''ဘယ်လိုမှမနေတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က မင်းက သစ်ပင်အောက်မှာ မတိုးလျှိုးမတောင်းပန်ဘဲ အညစ်အကြေးစွန့်တော့ အဲဒီသစ်ပင်မှာနေတဲ့ မကောင်းဆိုးဝါးကောင်က မကျေမနပ်ဖြစ်ပြီးလုပ်ထားတာ"

"ဆီးတွေ တအားအောင့်တာပဲ၊ လက်နဲ့ အဖျစ်ခံထားရသလို အခံရခက်လိုက်တာ၊ တစ်ညလုံး သေလုမျောပါးခံစားခဲ့ရတာ"

"မျက်စိနဲ့မမြင်နိုင်၊ မတွေ့နိုင်ပေမယ့် ပရလောကသားတွေဟာ နေရာတိုင်းမှာရှိနေကြတယ်၊ အဘိုးငယ်စဉ်ကတည်းက ဂါထာမန္တန်ပေါင်းများစွာ ရွတ်ဖတ်ပြီး သိဒ္ဓိတင်ထားတဲ့ သိဒ္ဓိဝင်ပုတီးကိုတော့ သူတို့ ဘာအာခံလို့ရမှာလဲ၊ ကျွန်တော်ကိုယ်တိုင် ညတိုင်း ဂါထာမန္တန်တွေ ရွတ်ပြီး သိဒ္ဓိတင်နေတာပဲ"

"ဒီသိဒ္ဓိဝင်ပုတီးလေးက အတော်အစွမ်းထက်တာပဲ"

"ရွှေတောင် ထပ်ခါတလဲလဲအရောင်





တင်ရင် ပြောင်ဝင်းလင်းလက်လာသလို ဗုဒ္ဓဘုရားရှင်ရဲ့ ဂါထာမန္တန်တွေကို အခါပေါင်း ထောင်သောင်းများစွာ ရွတ်ဖတ်ပူဇော်ထားတော့ သိဒ္ဓိတန်ခိုးနဲ့ ပြည့်စုံနေတာပေါ့"

ကျွန်တော့်အား ကောင်လေး၏မိဘများက ညဏ်ပူဇော်ခငွေ ကန်တော့ကြသည်။ ကျွန်တော်က လက်မခံ။ ဗုဒ္ဓ၏ဂါထာမန္တန်တော်များ အစွမ်းထက်မြက်သည်ကို ယုံကြည်ကြပါလျှင် ကူညီရကျိုးနပ်ပါသည်ဟု ပြောဆိုကာ အိမ်သို့ပြန်လာခဲ့သည်။

⁕



www.burmeseclassic.com

www.burmeseclassic.com

## ထူးထွေအံ့မခန်း ဖြစ်ရပ်ဆန်း (၂)

ကိုကံဦးက ကျွန်တော့်အိမ်သို့ မကြာခဏ လာလည်တတ်သည်။ ကျွန်တော်ကိုယ်တိုင် မဂ္ဂဇင်းများ၊ ဂျာနယ် ... ဂမ္ဘီရ လုံးချင်းများတွင် ဂမ္ဘီရဝတ္ထုတိုများရေးသားနေသူမို့ ဂမ္ဘီရဖြစ်ရပ်များကို နှစ်ဦးသား ဆွေးနွေးဖြစ်ကြသည်။

တစ်နေ့တွင် ကိုကံဦးက ...

"ကျွန်တော့်မိတ်ဆွေမိသားစုတစ်စု ရှိတယ်၊ အိမ်ပိုင်ရာပိုင်ရှိပြီး အဲဒီအိမ်မှာ တစ်ယောက်မှမနေရဲဘူး"

"ဟင် ... ဘာဖြစ်လို့တုံးဗျ"





"ပထမ အဲဒီအိမ်မှာ လူသတ်မှုဖြစ်တယ်၊ ကျွန်တော့်မိတ်ဆွေရဲ့သားကို အရက်သမားတစ်ဦးက အိမ်ပေါ်တက်ပြီး ဓားနဲ့ခုတ်သတ်သွားတာ၊ အဲဒီကောင်လေးက အစိမ်းသေဆိုတော့ မကျွတ်ဘူး၊ ချောက်လိုက်တာမှ တစ်နေ့တော့ သေသွားတဲ့ ကောင်လေးရဲ့အဒေါ် နှလုံးရောဂါသည်က ညတစ်ညမှာ 'အောင်မလေး' ဆိုပြီး လန့်အော်ပြီး နှလုံးသွေးရပ်လို့ သေသွားရပြန်တယ်၊ ညဘက်ဆိုရင် အိမ်အပေါ်ထပ်ကို ဘယ်သူမှမတက်ရဲဘူး။ ဘယ်သူမှမနေရဲဘူး။ လမ်းလျှောက်သံတွေ ကြားနေရတယ်လို့ ပြောတယ်၊ နောက်တော့ သူတို့မိသားစုတွေ မနေရဲတော့ဘဲ အိမ်ကို သော့ပိတ်ပြီး တခြားတစ်နေရာမှာ အိမ်ငှားနေကြတယ်၊ အဲဒီအိမ်ကိုရောင်းတာလည်း ဘယ်သူမှမဝယ်ရဲကြဘူး၊ အဲဒီအိမ်ကို ဝယ်မယ့်သူရှိရင် အိမ်ရောင်းပေးတဲ့သူကို ပွဲခအများကြီးပေးမယ်တဲ့ဗျ"

ကိုကံဦးစကားကြောင့် ကျွန်တော် စိတ်ဝင်စားသွားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သရဲခြောက်သည်ဆိုသောအိမ်ကို ကျွန်တော် လေ့လာကြည့်ချင်မိသည်။ ထိုအတောအတွင်း အိမ်နှင့်ခြံဝယ်ချင်သည်ဆိုသော ကျွန်တော့်မိတ်ဆွေတစ်ယောက်က အိမ်သို့ရောက်လာသည်။ ကျွန်တော်က ကိုကံဦးပြောသော အိမ်အကြောင်း ပြောပြသည်။

"ဟာ . . . အဲဒီအိမ်မျိုးတော့ မဝယ်ရဲပါဘူး။ ကျွန်တော့်မိန်းမက သရဲ သိပ်ကြောက်တတ်တာ၊ သရဲဆိုတဲ့အသံကြားရုံနဲ့ နေစရာမရှိအောင်ကြောက်တာနော်၊ ဆရာပြောသလို တကယ်ခြောက်တယ်ဆိုရင်တော့ မြင်တာနဲ့ နှလုံးသွေးရပ်ပြီး သေမှာအမှန်ပဲ"

"အဲဒီအိမ်မှာရှိတဲ့ သရဲတွေကို မနေနိုင်အောင် ကျွန်တော်က မောင်းထုတ်ပေးမယ်ဆိုရင်ကော"

"ဟုတ်ပါ့မလား ဆရာရယ်"

"ကျွန်တော်ဆောင်ရွက်ပေးမယ်၊ အချိန်တော့စောင့်ဆိုင်းနေဦးပေါ့"

လင်းမြတ်စာပေ



ကျွန်တော်က ကိုကံဦးကို သရဲခြောက်သည်ဆိုသောအိမ်အား သွားရောက်လေ့လာခွင့်တောင်းသည်။ အိမ်ရှင်များက ခြံဝင်းသော့၊ အိမ်သော့များကို ပေးလိုက်သည်။ တစ်စုံတစ်ခုဖြစ်လျှင် သူတို့အား အမှုပတ်နေမည်ကို စိုးရိမ်သဖြင့် ရပ်ကွက်လူကြီးများအား အသိပေးထားသည်။ ရှိစေတော့။ ကျွန်တော်က ငယ်စဉ်ကတည်းက ပေပေတေတေနေလာခဲ့သူမို့ သရဲတစ္ဆေရှိသည်ကို သိပေမယ့် လုံးဝမကြောက်တတ်သူ။

ကျွန်တော်က လျှပ်စစ်မီးများကိုမဖွင့်ဘဲ အမှောင်ထဲတွင်ထိုင်ကာ ဆေးပေါ့လိပ်သောက်နေမိသည်။ သည်ခြံနှင့်အိမ်က ရပ်ကွက်အစွန်ဆုံးကျသည်မို့ အခြားအိမ်များနှင့် အလှမ်းဝေးသည်။ ခြံထဲတွင် အုပ်ဆိုင်းသောသစ်ပင်ကြီးများရှိနေသည်။ သည်ခြံနှင့်အိမ်ထဲသို့ လူတစ်ယောက် ဝင်သွားသည်ကို မြင်သူတိုင်းက သို့လောသို့လောနှင့် တွေးနေကြတာတော့ အမှန်။ လျှပ်စစ်မီးရှိပါလျက် မထွန်းသည်က တွေးတောစရာ ထပ်ဖြစ်လိမ့်မည်။

ညဆယ်နာရီကျော်တော့ တစ်ရပ်ကွက်လုံး တိတ်

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်သက်သွားသည်။ တစ်ခါတစ်ရံတွင် ဟိုးအဝေးဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများကို ကြားရသည်။ ကြောက်စိတ်ရှိသူသာဆိုလျှင် ထပြေးမှသေချာသည်။ ကျွန်တော်ကမူ မိမိအိမ်တွင်နေသည့်ပမာ သဘောထားသည်။ ရေနွေးကြမ်းခါးခါးကိုသောက်ရင်း နားစွင့်နေမိသည်။ ညဦးနက်ချိန်တွင် အိမ်အပေါ်ထပ်မှ လမ်းလျှောက်သံများကို ကြားနေရသည်။ သည်လမ်းလျှောက်သံကို ပတ်ဝန်းကျင်ရှိ အိမ်များမှ လူတွေကတော့ ကြားနိုင်စွမ်းရှိမည်မထင်။

'ဒုန်း'

တစ်စုံတစ်ခုသောပစ္စည်းကို အဝေးသို့ လွှင့်ပစ်လိုက်သံ ကြားရပြန်သည်။ သွေးညှီနံ့လိုလို၊ အပုပ်နံ့လိုလိုက နှာခေါင်းထဲသို့ တိုးဝင်လာသည်။ အိမ်ပေါ်မှ လမ်းလျှောက်သံတွေက ပိုမိုပြင်းထန်လာသလို ထင်ရသည်။

"ဟော့ကောင် ‥ ငါ ဘယ်လိုမှမကြောက်တတ်ဘူး၊ မင်း ငါ့အနားကို ကပ်လာလို့လည်း မရဘူး၊ ငါ့မှာ သိဒ္ဓိဝင်ပုတီး ပါလာတယ်၊ မင်းတို့ ဘာလို့ ဒီအိမ်သားတွေကို နှောင့်ယှက်နေရတာ





လဲ၊ မင်းတို့ကို ငါနှင်ပစ်တော့မှာ"

'ဂွမ်း'

ကျွန်တော်သည် အိမ်အပေါ်ထပ်သို့ နားစွင့်ရင်း အိပ်ပျော်သွားသည်။ မနက်မိုးလင်းတော့ အိမ်အပေါ်ထပ်သို့ တက်ကြည့်ခဲ့သည်။ ဘာပစ္စည်းမှ နေရာမယွင်း။ လူမနေသဖြင့် အိမ်အပေါ်ထပ်တွင် ဖုန်များထူထပ်နေသည်။ ကျွန်တော် ပြုံးလိုက်မိသည်။ ကိုကံဦးကို ညကအကြောင်းများကို ပြန်လည်ပြောပြလိုက်သည်။

"အဟင်းဟင်း ‥‥ ဆရာယုံကြည်သွားပြီ မဟုတ်လား"

"တစ္ဆေသရဲရှိတယ်ဆိုတာကို ယုံကြည်တယ်လေ၊ ဒါပေမဲ့ တစ္ဆေသရဲကို ကျွန်တော်ကမှ မကြောက်တတ်တာ၊ အဲဒီအိမ်မှာရှိတဲ့ တစ္ဆေသရဲတွေကို ကျွန်တော် မောင်းထုတ်ပစ်မယ်"

"ဟင် ‥‥ ကြောက်စရာကြီးဗျာ"

ကျွန်တော်က တရားကျင့်ကြံအားထုတ်နေသော ဆရာတော်ကြီးတစ်ပါးအား အပ်ချည်လုံးတစ်လုံး ဆက်ကပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပဋ္ဌာန်းဒေသနာတော်များအား ချီးမြှင့်ပေးတော်မူပါရန် တောင်းပန်သည်။ သရဲခြောက်သည့်အိမ်မှ သရဲများအား နှင်လိုရှိ၍ဟု လျှောက်ထားသည်။ ဆရာတော်ကြီးက အပ်ချည်လုံးအား နှုတ်တော်နားတွင်ကပ်ကာ ပဋ္ဌာန်းဒေသနာတော်များကို ချီးမြှင့်ပေးသည်။ ပဋ္ဌာန်းကြိုးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ဆရာတော်ထံမှ ပြန်ရသောပဋ္ဌာန်းကြိုးအား ကျွန်တော်က ဗုဒ္ဓဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ အကြိမ်ပေါင်းများစွာ ရွတ်ဆိုပြီး သိဒ္ဓိထပ်ဖွင့်သည်။

တစ်ညတွင် အိမ်အောက်တံခါးပေါက်မှ တံခါးရွက်တွင် အပ်ချည်ကြိုးတစ်စကို မြဲအောင်ချည်သည်။ ထိုအပ်ချည်ကြိုးဖြင့် အိမ်ပတ်လည်သို့ ချည်ထားလိုက်သည်။ ကျွန်တော်ကိုယ်တိုင်က အိမ်ထဲသို့ဝင်ပြီး ဂါထာမန္တန်များကို ရွတ်ဆိုနေမိသည်။ အိမ်အပေါ်ထပ်သို့ နားစွင့်နေလိုက်၏။ အိမ်အပေါ်ထပ်မှ ယောက်ယက်ခတ်သွားလာနေသည့်အသံများကို ကြားနေရသည်။

"အဟား ဟား ... မင်းတို့ မီးလောင်နေ





ပြီ မဟုတ်လား၊ ပဋ္ဌာန်းကြိုးနဲ့ ချည်ထားတာပဲ၊ မင်းတို့ ဒီအိမ်မှာ ဆက်နေလို့ရရင် နေကြပေါ့"

ကျွန်တော်က ဝဲဘက်အိမ်တံခါးရွက်တွင် အပ်ချည်ကြိုးစတစ်ချောင်းကိုချည်ပြီး ထိုကြိုးကို ခြံဝမှတံခါးရွက်တွင် တစ်ဖက်ချည်သည်။ ယာဘက်အိမ်တံခါးတွင် ချည်ထားသော အပ်ချည်ကြိုးစကို ခြံဝမှတံခါးရွက်တစ်ဖက်တွင် ထပ်ချည်သည်။ အိမ်ပေါက်ဝနှင့် ခြံတစ်ဖက်တစ်ချက်ကို ပဋ္ဌာန်းကြိုးဖြင့် စည်းခြားထားခြင်းဖြစ်သည်။ အိမ်ပေါ်က အသံများက ပို၍ဆူညံလာသည်။ ကျွန်တော်က ဖယောင်းတိုင်မီးထွန်းထားလိုက်သည်။

"ဗျို့ ... ကိုဇော်မောင် ကိုဇော်မောင်"

အိမ်ရှေ့မှ ကိုကံဦး၏ခေါ်သံကို ကြားရသည်။ ကျွန်တော်က အိမ်ရှေ့သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ကိုကံဦးနှင့် လူငယ်တစ်ဦးတို့ အိမ်ရှေ့တွင် ရပ်နေသည်ကို မြင်ရသည်။

"ဟာ ... ဆရာ ကြိုးတွေတန်းထားတာ ကျွန်တော်တို့ လာလို့ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကံဦးက လှမ်းမေးသည်။

"လာလို့ရပါတယ်ဗျ ... မကောင်းဆိုးဝါးတွေကို နှင်ထုတ်မလို့လုပ်နေတာ"

ကိုကံဦးနှင့်သူ့အဖေက အိမ်အောက်ထပ်သို့ ဝင်လာသည်။ အိမ်ပေါ်မှအသံများကို ကြားသည်နှင့် သူတို့မျက်နှာအမူအရာ ပျက်နေကြသည်။

"ဟာ ... မလွယ်ပါလား၊ ဆရာသာမရှိရင် ကျွန်တော်တို့ သွေးပျက်သွားမှာ အမှန်ပဲ"

"သူတို့ကို ပဋ္ဌာန်းကြိုးနဲ့ ပတ်ချည်ထားတာလေ၊ မခံမရပ်နိုင်ဖြစ်ပြီး သောင်းကျန်းနေကြတာ"

ကိုကံဦးက ဟိုကြည့်ဒီကြည့်နှင့်လုပ်နေသည်။

"ကဲ .. သောင်းကျန်းနေတဲ့ကောင်တွေ တံခါးပေါက်ကို ပတ်ချည်ထားတဲ့ ပဋ္ဌာန်းကြိုးကို ဖြည်ပြီး အပေါက်ဖွင့်ပေးမယ်၊ ဒီအိမ်ထဲက အမြန်ဆုံးထွက်သွားကြတော့၊ မသွားရင်တော့ သိဒ္ဓိဝင်ပုတီးကို ရေစိမ်ပြီး တစ်အိမ်လုံး ပက်ဖျန်းရလိမ့်





မယ်"

ကျွန်တော်က တစ်စုံတစ်ဦးကို ပြောနေသည့်အလား ပြောလိုက်သည်။ အိမ်ပေါ်မှ ဆူညံသံများ ပျောက်သွားသည်။ ကျွန်တော်က တံခါးပေါက်၏ ဟိုဘက်သည်ဘက် ချည်ထားသော အပ်ချည်ကြိုးကို လမ်းပေါက်ဖွင့်ပေးသည့်နယ် ပြုလုပ်ပေးလိုက်သည်။

'ဒုန်း'

အိမ်ရှေ့ကြမ်းပြင်ကို ခြေဆောင့်နင်းသည့်အသံမျိုး ကြားလိုက်ရသည်။ ခြံဝမှ တံခါးရွက်သည် တွန်းဖယ်သွားသည့်အလား မြင်ရသည်။

'ဒီအိမ်မှာ ဘယ်ပရလောကသားမှ မရှိတော့ဘူး၊ ဒီအိမ်ပိုင်ရှင်မိသားစုတွေ ဒီအိမ်မှာ ပြန်နေချင်လည်း နေ၊ အိမ်ကို ရောင်းချင်ရင်လည်း ရောင်းလို့ရပြီ၊ ဒီအိမ်မှာ သရဲမခြောက်တော့ပါဘူး၊ မယုံကြည်တဲ့သူတွေ လာရောက်စမ်းသပ်ကြည့်ပေါ့၊ သရဲခြောက်ခံရတယ်ဆိုရင် အဲဒီလူကို ကျွန်တော့်တစ်လစာဝင်ငွေ အကုန်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင် ထိုအိမ်ထဲမှ ဘာသံမှမကြားရတော့ကြောင်း၊ သရဲတွေကို ဆရာတစ်ဦးက နှင်ထုတ်လိုက်ပြီးဖြစ်ကြောင်း သတင်းစကား ထွက်လာသည်။ အိမ်ပိုင်ရှင်မိသားစုတွေ သည့်အိမ်မှာ ပြန်နေကြသည်။ ညဘက်တွင် ဘာသံမှ မကြားရတော့ကြောင်း သိရသည်။ ပရလောကသားတို့သည် စွဲလမ်းမှုကိုလိုက်၍ နေရာဒေသအသီးသီးတွင် ကျင်လည်ကျက်စားနေသည်ကို ယုံကြည်သူရှိသလို မယုံကြည်သူများလည်း ရှိကြသည်။

သာမန်မဟုတ်ဘဲ ထူးခြားသည့်အသံများ၊ အရိပ်အယောင်များကို မြင်တွေ့ရတော့မှ သရဲတစ္ဆေခြောက်သည်ဆိုပြီး ကြောက်တတ်ကြသည်။ ဘုရားမရှိခိုး၊ တရားစာမရွတ်ဖတ်၊ သံဃာကို မဆည်းကပ်သူများကို မကောင်းဆိုးဝါး ပူးကပ်တတ်သည်။ မကောင်းဆိုးဝါး ဝင်စီးနေသည်ကို ပြောဆိုကြသည် မဟုတ်ပါလား။

❋ ❋ ❋





www.burmeseclassic.com

www.burmeseclassic.com

## ပန်းမြတ်ဒေဝီ

တစ်နေ့သ၌ ကျွန်ုပ် အင်္ဂလိပ်ဗိုလ်ဆရာသိန်းသည် သုံးဆယ်ချောင်းကမ်းပါးသစ်ပင်ရိပ်အောက်တွင် ဆေးကျမ်းတစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေမိလေ၏။ နွေရာသီဖြစ်သောကြောင့် နေအိမ်ပေါ်တွင် နေလို့မရ၊ သွပ်မှအပူရှိန်မှာ ပူပြင်းလွန်းလှသဖြင့် တစ်ကိုယ်လုံးမှာ မခံမရပ်နိုင်အောင် ခံစားရလေ၏။

နွေရာသီတွင် သုံးဆယ်ချောင်းရေသည် ခြေကျင်းဝတ်ခန့်သာ နက်လေ၏။ ချောင်းတစ်လျှောက် ဖြတ်သန်းတိုက်ခတ်လာသောလေသည် အေးမြလှသည်။ နွေရာသီ



www.burmeseclassic.com

www.burmeseclassic.com



ကာလတွင် တစ်ဖက်ကမ်းသည် သဲသောင်ပြင်ထွန်းကာ လှပနေလေသည်။

ညနေစောင်းသည်နှင့် သုံးဆယ်ချောင်း၏ ဟိုဘက်ကမ်း သည်ဘက်ကမ်းပါးတွင် နေထိုင်ကြသော လူကြီးကလေးအပေါင်းတို့သည် စိုစွတ်သောသဲသောင်ပြင်ပေါ်တွင် လက်ယက်သဲတွင်းကလေးများ တူးကြသည်။ သဲကို စိမ့်ထွက်လာသောရေသည် ကြည်လင်အေးမြသည်။ ချောင်းကမ်းပါးတွင် နေထိုင်သူများသည် လက်ယက်သဲတွင်းရေကို ခပ်ပြီး အသုံးပြုကြလေသည်။ လက်ယက်သဲတွင်းထဲမှရေကို ဒန်ရေခွက်ကလေးများဖြင့် ခပ်ပြီး ကိုယ်ပေါ်သို့ အသာအယာ လောင်းချပြီး ဖိမ်ခံကာ ရေချိုးကြသည်။ လက်ယက်သဲတွင်းရေ၏ အေးမြသောအရသာကို ချောင်းကမ်းပါးတွင် နေထိုင်ဖူးသူများသာ သိနိုင်ကြလေ၏။

ကျွန်ုပ်သည် ချောင်းလေအေး၏အရသာကို ခံစားရင်းစာဖတ်နေမိသည်မှာ ကျွန်ုပ်အနားသို့ မြေးဖြစ်သူ မောင်ဖော်မောင် လာရပ်နေသည်ကိုပင် မသိနိုင်အောင် ရှိလေ၏။ ကျွန်ုပ်သည် စာဖတ်ရင်း ဇက်လေးလာသဖြင့် ဇက်ကို ဘယ်



BURMESE CLASSIC .com



ညာဆတ်လိုက်တော့မှ ရပ်နေသော မောင်ဖော်မောင်ကို မြင်တွေ့လေ၏။

"ဟင် . . . လူလေး ခြံတံခါးပိတ်ခဲ့ရဲ့လား"

"အိမ်မှာ ညီ့သည်မိန်းမကြီးတစ်ယောက်ရောက်နေလို့ အဘိုးကို လာခေါ်တာ"

"ဗေဒင်လာမေးတာဖြစ်မယ်"

ကျွန်ုပ်သည် ထိုင်ရာမှထကာ အိမ်ဘက်သို့ပြန်လာခဲ့လေ၏။ ခြံဝင်းထဲမှ သစ်ပင်ရိပ်အောက်တွင် ကျောပေးကာ ရပ်နေသော မိန်းမကြီးတစ်ယောက်ကို တွေ့ရလေ၏။

"လူလေးကလည်း ဧည့်သည်ကို အိမ်ပေါ်မှာ တက်မထိုင်ခိုင်းဘူး"

ကျွန်ုပ်၏စကားသံကြောင့် မိန်းမကြီးသည် တစ်ဖက်သို့ လှည့်လာလေ၏။ ကျွန်ုပ်သည် မိန်းမကြီး၏မျက်နှာကို မြင်သည်နှင့် အလွန်ပင် အံ့သြသွားမိလေ၏။ အသက်အားဖြင့် (၄၅) နှစ်ဝန်းကျင်သာ ရှိသေး၏။ အနီမိန်းမကြီး၏ အမည်မှာ ပန်းမြတ်ဒေဝီ (နာမည်ရင်းကို ဖော်ပြရန် သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်) ဟု ဆိုပါစို့။ ပန်းမြတ်ဒေဝီက ကျွန်ုပ်ကို ပြုံးပြလေ၏။ ကျွန်ုပ်ကလည်း ပြုံးပြမိ၏။

"ကောင်လေးက ကျွန်မကို အိမ်ပေါ်တက်ထိုင်နေဖို့ ပြောပါတယ် ဆရာကြီး၊ ရာသီဥတုက ပူအိုက်လွန်းတော့ အိမ်အောက်မှာပဲရပ်နေတာပါ"

"ဟုတ်တယ် ... နေရှိန်က တအားပြင်းလွန်းတော့ ချောင်းကမ်းပါးဘေး သစ်ပင်ရိပ်အောက်မှာ စာဖတ်နေတာ ... ဟိုသစ်ပင်ရိပ်အောက်က ကွပ်ပျစ်မှာထိုင်ပါဦး"

ကျွန်ုပ်က ပက်လက်ကုလားထိုင်တွင် ထိုင်လေ၏။ ပန်းမြတ်ဒေဝီက ကွပ်ပျစ်ပေါ်တွင် ထိုင်လေ၏။

"ကျွန်မက ကွပ်ပျစ်ပေါ်မှာထိုင်နေတာဆိုတော့ ကန်တော့ပါနော် ဆရာကြီး"

"ရပါတယ် .. ထိုင်ပါ ... ခွင့်ပြုပါတယ်၊ ဒါနဲ့ ခင်ဗျား ကျုပ်ဆီကို လာရတဲ့အကြောင်းလေးကို ပြောပါဦး"

လင်းမြတ်စာပေ



"ကျွန်မဗေဒင်မေးမလို့လာတာ မဟုတ်ပါဘူး"

"ဟင်"

"ကျွန်မနေတဲ့နေရာကို ဆရာကြီးသိတယ် မဟုတ်လား"

"အင်း ... သိပါတယ်"

"ကျွန်မဆီကို အနယ်နယ်အရပ်ရပ်က ဧည့်သည်တွေ လာကြပါတယ်"

ပန်းမြတ်ဒေဝီ၏စကားကြောင့် ကျွန်ုပ်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်မိ၏။ ထိုအပြုံးကို ပန်းမြတ်ဒေဝီလည်း နားလည်မည် ထင်မိ၏။ ကျွန်ုပ်သည် ပန်းမြတ်ဒေဝီရှက်သွားမည်ကို စိုးရိမ်မိသဖြင့် မျက်နှာကို ပြန်၍တည်ထားလိုက်၏။

ပန်းမြတ်ဒေဝီသည် ကျွန်ုပ်တို့မြို့အစွန်မှ ဘိုးဘွားပိုင်အလွန်ကျယ်ဝန်းသောခြံကြီးအတွင်းဝယ် အလွန်ကျယ်ဝန်းသော နှစ်ထပ်တိုက်ခံအိမ်ကြီးနှင့် နေထိုင်လေ၏။ အပေါ်ထပ်တွင်ကာရံထားသော သစ်သားပျဉ်ချပ်များမှာ ကျွန်းသားများချည်းဖြစ်ပြီး ရေနံချေးဝအောင်သုတ်ထားသောကြောင့်

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်းနက်၍နေလေ၏။ နှစ်ထပ်အိမ်မည်းကြီးသည် ကျယ်ဝန်းသောခြံကြီး၏အလယ်တွင် ရှိလေရာ ရဲတိုက်ကြီးနှင့် တူလှပေတော့၏။ ခြံရှေ့မှကြည့်လျှင် အိမ်ကြီးသည် ကြောက်စရာကောင်းသောအသွင်ကို ဆောင်နေပေသည်။ ထိုအိမ်ကြီးကို ပန်းမြတ်ဒေဝီမိဘများ ဗြိတိသျှခေတ်ကတည်းက တည်ဆောက်ထားခဲ့သည်ဟု ကျွန်ုပ်သိရပေသည်။

*(ယခုအခါ ထိုအိမ်ကြီးကို ဝယ်ယူထားသူများက အသွင်သဏ္ဌာန်တစ်မျိုးဖြင့် ပြန်လည်တည်ဆောက်ထားပါသည်။ ...စာရေးသူ)*

"အင်း ...ပြောပြပါဦး"

စကားတုံ့သွားသော ပန်းမြတ်ဒေဝီကို ကျွန်ုပ်က စကားဆက်ရန် အစပျိုးပေးလိုက်ရ၏။

"ကျွန်မဆီကိုလာတဲ့ ဧည့်သည်တွေဟာ ကျွန်မရဲ့အိမ်မှာ သုံးလေးငါးရက်နေထိုင်ပြီးမှ ပြန်သွားကြပါတယ်၊ တချို့ဆိုရင် တစ်ပတ်လောက် နေထိုင်သွားကြပါတယ်၊ အရင်တုန်းကတော့ ဘာပြဿနာမှမရှိခဲ့ပါဘူး၊ အခု ..."





ပန်းမြတ်ဒေဝီစကားက ပြတ်သွားသည်။

"ဘာလဲ ...အခု ပုလိပ် (ထိုစဉ်က အခေါ်အဝေါ်) က လာပြီးနှောင့်ယှက်နေလို့လား"

"မ ...မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်မကို ပုလိပ်တွေက အနှောင့်အယှက်မပေးပါဘူး၊ အခု ကျွန်မအိမ်မှာ ဖြစ်ပျက်နေတာတွေက ကျွန်မဆီလာတဲ့ ဧည့်သည်တွေကို ညဘက်ကျရင် ဘာမှမမြင်ရဘဲ အသံတွေပေးပြီး ခြောက်လှန့်နေလို့ပါ၊ အဲသလို ခြောက်လှန့်နေတော့ ကျွန်မဆီကိုလာတဲ့ဧည့်သည်တွေက ကြောက်လန့်ပြီး ပြန်သွားကြပါတယ် ဆရာကြီး၊ အဲဒါ ဆရာကြီးက အဲဒီမမြင်ရတဲ့အသံတွေ ပျောက်သွားအောင် ဆောင်ရွက်ပေးနိုင်မလားဆိုတာ လာပြီးမေးကြည့်တာပါ"

ကျွန်ုပ်သည် ပန်းမြတ်ဒေဝီ၏စကားအဆုံးတွင် အသံ ထွက်အောင်ပင် ရယ်လိုက်မိလေ၏။ ပန်းမြတ်ဒေဝီက ကျွန်ုပ်ကို ကြောင်အမ်းအမ်းနှင့်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းမြတ်ဒေဝီဆီကိုလာခဲ့တဲ့ ဧည့်သည်တွေထဲက အချို့လူတွေက အင်း . . . တခြားရော ဂါဘယကြောင့် သေဆုံးသွားခဲ့သူတွေရှိကြမှာပဲ၊ အဲဒီလူတွေဟာ စိတ်စွဲလမ်းပြီး မကျွတ်မလွတ်သေးတဲ့သတ္တဝါတွေ ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ အဲဒီလူတွေဟာ မသေခင်မှာ ပန်းမြတ်ဒေဝီကို သတိရပြီး သေဆုံးသွားတယ်ဆိုပါစို့ အဲဒီလူရဲ့ဝိညာဉ်ဟာ ပန်းမြတ်ဒေဝီဆီကို ရောက်လာတာပဲ"

"အဲဒီအနှောင့်အယှက်တွေကြောင့် ကျွန်မ စီးပွားရေးမကောင်းတာ ကြာပြီဆရာကြီး"

"ပန်းမြတ်ဒေဝီတို့ ဆွေစဉ်မျိုးဆက်အားလုံးကလည်း တခြားဘာသာကို ကိုးကွယ်ယုံကြည်နေတဲ့သူတွေ မဟုတ်လား၊ ကျုပ်ကလည်း ပယောဂဆရာ မဟုတ်ဘူး၊ ပန်းမြတ်ဒေဝီတို့ ကိုးကွယ်တဲ့ ဘာသာဆရာကြီးတွေကို အကူအညီတောင်းမကြည့်ဘူးလား၊ ကျုပ်က ဗေဒင်ဆရာ၊ ဆေးဆရာတစ်ဦးပါ"



BURMESE CLASSIC .com



"ဟင်"

ပန်းမြတ်ဒေဝီသည် စိတ်ပျက်အားငယ်သွားသည့်ဟန်ဖြင့် သက်ပြင်းချလေ၏။

"ကျွန်မအပေါင်းအသင်းတွေကတော့ အဲဒါ သရဲခြောက်တာလို့ ပြောကြတယ်၊ အဲဒီအကြောင်းကို မြို့ထဲက ဆွမ်းကျွေးတစ်ခုမှာ စကားစပ်မိလို့ ပြောကြရင်း သပြေတန်းရပ်ကွက်ထဲမှာ အသတ်ခံရတဲ့လူက သရဲခြောက်လွန်းလို့ အဲဒီအိမ်ကိုဝယ်တဲ့သူတွေ ညဘက်ဆိုရင် 'အိမ်ပေါ်က လမ်းလျှောက်သံတွေ ကြားနေရတာကြောင့် ကြောက်လန့်တကြား ဖြစ်နေကြတယ်လို့ သိရတယ်၊ အဲဒီကိစ္စကို ဆရာကြီးက သွားရောက်ဆောင်ရွက်ပေးလို့ သရဲတွေ ပြေးရတယ်တဲ့၊ အဲဒါကြောင့် ဆရာကြီးဆီကို ကျွန်မလာပြီး အကူအညီတောင်းရတာပါ၊ ကျွန်မရဲ့ဘကြီးနဲ့ဆရာကြီးက ခင်မင်ကြတယ်လို့ သိရတယ်"

"အင်း . . . မြို့ထဲက အလှူပွဲ၊ မင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ မကြာခဏဆုံတွေ့ပြီး ခင်မင်ခဲ့ကြတာပါ၊ ကျုပ်က ဘာသာရေးကို လိုက်စားလာတာ နှစ်ငါးဆယ်ကျော်လာပြီ၊ ပန်းမြတ်ဒေဝီကို ကျုပ် ကူညီချင်ပါတယ်၊ ဒါပေမဲ့ ...''

''ဒါပေမဲ့ ဘာဖြစ်သလဲ ဆရာကြီး ... အားမနာတမ်း ပြောပါ''

''ပန်းမြတ်ဒေဝီနေတဲ့အိမ်ကို ကျုပ်လာရင် ပတ်ဝန်းကျင်ကလူတွေက ကျုပ်ကို အသက်ကြီးမှ ဟို ... ဟို ...''

''သြော် ... ဒီအတွက် ဆရာကြီးက စိုးရိမ်နေတာကိုး၊ ကျွန်မအိမ်က ညဘက်ဆိုရင် သရဲခြောက်တယ်ဆိုတဲ့သတင်းကို ပတ်ဝန်းကျင်က လူတွေ သိနေကြပါပြီ၊ သူတို့က ဆရာကြီးကို သွားပင့်ပြီး မကောင်းဆိုးဝါးတွေကို နှင်ထုတ်ဖို့ အကြံပေးကြတာပါ''

''ကျုပ်တို့မြေးအဘိုးက ဗေဒင်ဟော ဆေးကုပြီး အသက်မွေးဝမ်းကျောင်းပြုနေရသူ





တွေဆိုတော့ ပန်းမြတ်ဒေဝီရဲ့အိမ်ကို ကျုပ် ညဘက်ကျမှ လာနိုင်မယ်''

ပန်းမြတ်ဒေဝီသည် တွေဝေစွာစဉ်းစားနေလေ၏။

''ဆရာကြီး တစ်နေ့တာရရှိတဲ့ ဉာဏ်ပူဇော်ခငွေကို ကျွန်မက ပေးမယ်ဆိုရင်ကော''

ကျွန်ုပ်သည် ခေါင်းကို ဘယ်ညာခါယမ်းပြလိုက်၏။

''ကျုပ်မှာ တစ်သက်လုံး ရေသာခိုတဲ့စိတ် မရှိခဲ့ဘူး၊ ကျုပ်တတ်တဲ့ပညာနဲ့ပဲ ငွေရှာချင်တယ်၊ အဲသလို ရှာဖွေလို့ရတဲ့ ငွေနဲ့ ဝယ်ပြီးချက်ထားတဲ့ထမင်းကို ဆီဆမ်းပြီး, ဆားဖြူးပြီး စားရဦးတော့ ... အရသာရှိတယ်လို့ပဲ ထင်တယ်၊ ပန်းမြတ်ဒေဝီ ချမ်းသာမှန်း ကျုပ်သိတာပဲ၊ ဒါပေမဲ့ ကျုပ်မလိုချင်ဘူး၊ ကျုပ် မနက်တိုင်း 'ရွှေဗမာလက်ဖက်ရည်ဆိုင်'မှာ အမြဲ လက်ဖက်ရည်သောက်တယ် ...၊

(ယခုအခါ ရွှေဗမာလက်ဖက်ရည်ဆိုင်မှာ မရှိတော့ပြီ။ ထိုနေရာတွင် ကုန်စျေးတန်းရုံ ဖြစ်နေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေပြီ ... စာရေးသူ)

မနက်ဘက် လှပစွာ ဖြီးလိမ်းပြင်ဆင်ပြီး ဈေးခြင်းတောင်းကိုင်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်ပြီး ဈေးဝယ်နေတဲ့ ပန်းမြတ်ဒေဝီကို ကျုပ် အမြဲမြင်တွေ့နေတာပဲ''

ပန်းမြတ်ဒေဝီသည် မသိမသာပြုံးနေ၏။

''ပန်းမြတ်ဒေဝီရဲ့နာမည်ရင်းကို ကျုပ် လုံးဝမသိပါဘူး။ အင်း ... ဒါပေမဲ့ ပန်းမြတ်ဒေဝီဟာ ဘယ်နေ့သမီးလဲဆိုတာ ကျုပ် အတတ်ဟောမယ် ... ဘယ့်နှယ့်လဲ''

ပန်းမြတ်ဒေဝီသည် ကျွန်ုပ်အား ...'အလဲ့ ... ပညာစွမ်းတွေ ပြဦးမလို့လား' ဆိုသည့်သဘောဖြင့် စူးစိုက်စွာကြည့်ရင်း ပြုံးမနေလေ၏။

''ဆရာကြီး ဟောကြည့်လေ၊ မှန်,မမှန်ကို ကျွန်မ,ပြောမယ်၊ ကျွန်မနာမည်ရင်းကို ဘယ်သူမှမသိကြဘူး''





''ပန်းမြတ်ဒေဝီဟာ ဗုဒ္ဓဟူးသမီးပါ။ ဘာကြောင့် အဲဒီလို ပြောနိုင်ရသလဲဆိုရင်း ပန်းမြတ်ဒေဝီအသံကြောင့်ပဲ၊ ပန်းမြတ်ဒေဝီရဲ့အသံကအသံအေးပြီး လွင်နေတယ်၊ နှာသံပါတယ်၊ တစ်ဖက်သား နှစ်သက်မြတ်နိုးစေတဲ့အသံရှင်လို့ ဆိုရမှာပဲ၊ ကျုပ်ဟောတာ မှန်သလား''

''မှန်ပါတယ် ဆရာကြီး ... ဒါကြောင့်လည်း ဒီနယ်တစ်ဝိုက်မှာ ပြိုင်ဘက်မရှိ နာမည်ကြီးနေတာကိုး''

''တနင်္ဂနွေသားသမီးတွေဟာ အသံစာလေ့ရှိတယ်၊ တနင်္လာသားသမီးတွေက အသံအောင်လေ့ရှိတယ်၊ အင်္ဂါသားသမီးတွေက အသံပြာလေ့ရှိတယ်၊ ဗုဒ္ဓဟူးသားသမီးတွေက အသံအေးတယ်၊ အသံလွင်တယ်၊ နှာသံပါလေ့ရှိတယ်၊ ကြာသပတေးသားသမီးတွေက အသံမှန်လေ့ရှိတယ်၊ သောကြာသားသမီးတွေက အသံအောလေ့ရှိတယ်၊ စနေသားသမီးတွေက အသံအောင်



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတယ်၊ ရာဟုသားသမီးများက အသံဩဇာ မရှိဘူး၊ ဒါ ကျုပ်တို့ ဗေဒသကဝိကြီးတွေ ဟောခဲ့တဲ့ဟောကိန်းအရ ပြောရတာပဲ၊ ပညာရှိတွေရဲ့ အသိဟာ စာဒကတက်စရာမလိုဘူး၊ ကဲ ... ပန်းမြတ်ဒေဝီ ပြန်တော့၊ ကျုပ် ဒီနေ့ မိုးချုပ်တာနဲ့ ရောက်အောင် လာခဲ့ပါ့မယ်''

ပန်းမြတ်ဒေဝီသည် ထိုင်ရာမှထကာ ပြန်သွားလေသည်။ ကျွန်ုပ်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံသောက်ရင်း နိုင်ငံခြားရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးနီးပါး အသားဖြူဖြူ ကိုယ်ဟန်တောင့်တင်းပြီး ချောမောလှပသော ပန်းမြတ်ဒေဝီသည် ချမ်းသာသောမိသားစုမှ ပေါက်ဖွားလာသော အမျိုးသမီးတစ်ယောက်ဖြစ်ပါလျက် ယောက်ျားသား တစ်ယောက်ကို ခင်ပွန်းအဖြစ် သတ်သတ်မှတ်မှတ်မယူဘဲ ယောက်ျားများအား ဟောတစ်ယောက် ဟောတစ်ယောက် ထည့်လဲတွဲနေသည်ကို စဉ်းစားမရအောင် ဖြစ်နေရ၏။

ပြီးမှ ဗုဒ္ဓခေတ်က အမ္ဗပါလီဆိုသော ဝေသာလီပြည်မှ ပျော်တော်ဆက်မင်းသမီးလေးအကြောင်းကို သတိရ





သွားမိသဖြင့် ပန်းမြတ်ဒေဝီသည်လည်း အမ္ဗပါလီလို မိန်းကလေးပါလားဟု ဆင်ခြင်မိလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com

ညနေမိုးချုပ်ခအချိန်တွင် ကျွန်ုပ်သည် ဆေးလွယ် အိတ်ကိုလွယ်ပြီး တုတ်ကောက်ကလေးကိုထောက်ကာ ပန်းမြတ်ဒေဝီ၏ခြံဝင်းထဲသို့ ဝင်လာလေ၏။ ခြံစောင့်အဘိုးကြီးက ကျွန်ုပ်လာသည်ကို မြင်သည်နှင့် ခြံဝင်းတံခါးကို ကြိုတင် ဖွင့်ပေးထားသောကြောင့်ဖြစ်၏။ ခြံစောင့်အဘိုးကြီးသည် ခြံဝင်းတံခါးကိုပိတ်ပြီးသည်နှင့် ကျွန်ုပ်နောက်မှ ထက်ကြပ် မကွာ လိုက်လာလေ၏။

'ဝုတ် ‥ ဝုတ် ‥ ဝုတ် ‥ ဝုတ်'

နှစ်ထပ်တိုက်ခံအိမ်မည်းကြီး၏ရှေ့မှ ကြီးမားသော





ခွေးနက်ကြီးက လူရိပ်မြင်သည်နှင့် ကျွန်ုပ်ရှိရာသို့ တစ်ဟုန် ထိုး ပြေးလာသည်။

ပန်းမြတ်ဒေဝီ၏အသံကို ကြားလိုက်ရ၏။ ရှေ့သို့ ပြေးလာသော ခွေးနက်ကြီးသည် ခြေလက်လေးဖက် ရပ်တန့် သွားကာ ပန်းမြတ်ဒေဝီခေါ်သည့်နေရာသို့ သွားလေ၏။ သံလျောင်အိမ်ပိတ်သည့်အသံကို ကြားမိ၏။ ပန်းမြတ်ဒေဝီက အိမ်တံခါးဝမှ လာ၍ဆီးကြိုသည်။ ထို့နောက် ကျွန်ုပ်အား အပေါ်ထပ်သို့ ခေါ်သွားလေ၏။ အပေါ်ထပ်မှ ဧည့်ခန်းထဲ တွင် ဆိုဖာကုလားထိုင်ကြီးများကို ခင်းကျင်းထားလေ၏။ ကြမ်းပြင်သည် မှန်ရောင်ထနေသည်။ ရှေးဟောင်းလက်ရာ ဗီရိုကြီးများကို မြင်တွေ့ရ၏။ ဆိုဖာကုလားထိုင်များကို ဝိုင်း ပတ်၍ ခင်းထားရာ အလယ်မှစားပွဲပေါ်တွင် စားသောက်ဖွယ် ရာများကို စီမံထားလေ၏။ ပန်းမြတ်ဒေဝီသည် ကျွန်ုပ်အား ခေါင်းရင်းဘက်ကျသော ဆိုဖာကုလားထိုင်တွင် ထိုင်စေ၏။

"လက်ဖက်ရည်နဲ့မုန့်ကို သုံးဆောင်လိုက် ပါဦး ဆရာကြီး"

"ကျုပ်က ညဘက်မှာ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



မသောက်တတ်ဘူး၊ မုန့်ပဲသရေစာပဲ စားတော့မယ်''

''ဆရာကြီးနှစ်သက်တာ သုံးဆောင်ပါ''

ကျွန်ုပ်သည် ကိတ်မုန့်နှင့်ရေနွေးကြမ်းကိုသာ သုံးဆောင် နေမိလေ၏။ ပန်းမြတ်ဒေဝီသည် နံရံတွင်ချိတ်ဆွဲထားသော သူ့အဖေနှင့်အမေတို့၏ဓာတ်ပုံများကို ကျွန်ုပ်အား ပြသလေသည်။ ဘိုဝတ်စုံများဖြင့် ရိုက်ကူးထားလေသည်။ ပန်းမြတ်ဒေဝီ၏ဖခင်သည် လူချောလူခန့်တစ်ဦးဖြစ်လေသည်။ မိခင်ဖြစ်သူ၏မျက်နှာနေရာတွင် ဆေးသားများပျက်နေရာ ခန့်မှန်းရခက်နေ၏။

''ဒီည ကျုပ်က ဘယ်နေရာမှာနေရမှာလဲ''

ကျွန်ုပ်က စကားလုံးမှားမည်စိုးရိမ်သဖြင့် စဉ်းစားပြီး ပြောနေရလေ၏။

''ကျွန်မတို့အိမ်အပေါ်ထပ်ကို ဆရာကြီး လှေ့လာကြည့်ပါဦး''

ပန်းမြတ်ဒေဝီသည် ကျွန်ုပ်အား အိမ်အပေါ်ထပ်မှ





အခန်းများကို လိုက်လံပြသလေသည်။ အိမ်အပေါ်ထပ်တွင် အခန်းများစွာ ရှိလေသည်။ ခရီးသွားနေသည်ဆိုသော သူ့အကြီး၏အခန်းသည် အိမ်၏ထောင့်ကျသောနေရာတွင် ရှိလေ၏။ ပန်းမြတ်ဒေဝီ၏အခန်းထဲတွင် နှစ်ယောက်အိပ်ကျွန်းခုတင်ကြီးတစ်လုံးပေါ်၌ မင်္ဂလာဆောင်အခမ်းအနားကဲ့သို့ ဆင်ယင်ထားလေ၏။ ၎င်းအခန်းနှင့် ဘေးချင်းကပ်အခန်းတွင် တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် မှန်တင်ခုံ၊ ...ရိုများကို တွေ့ရလေ၏။

''ဒီအခန်းက ဘယ်သူနေတာလဲ''

''ကျွန်မ အမြဲနေတဲ့အခန်းပါ ဆရာကြီး''

''ဟင် ... ဒါဆိုရင် သရဲခြောက်တယ်ဆိုတာက ဟို နှစ်ယောက်အိပ်အခန်းကလား''

''ဟုတ်ပါတယ် ဆရာကြီး၊ အခုလို သရဲခြောက်တာ သီတင်းနှစ်ပတ်ကျော်သွားပါပြီ၊ အဲဒီညက ...''

*



www.burmeseclassic.com

ပန်းမြတ်ဒေဝီသည် ညစာစားပြီးသည်နှင့် ညှော်ခန်းထဲတွင် တိပ်ရီကော်ဒါကိုဖွင့်ပြီး သီချင်းနားထောင်နေလေ၏။ ပန်းမြတ်ဒေဝီထံသို့ လာသောဧည့်သည်မှာ ယနေ့မနက်တွင် ပြန်သွားသည်ဖြစ်ရာ အိမ်ကြီးတွင် ပန်းမြတ်ဒေဝီ၊ ထမင်းချက် မစိမ်းမြနှင့် ခြံစောင့်အဘိုးကြီးဦးစောပေတလူးတို့သာ ရှိကြလေသည်။

မစိမ်းမြနှင့်ဦးစောပေတလူးတို့က အိမ်အောက်ထပ်တွင် နေထိုင်ကြလေ၏။ အိမ်အပေါ်ထပ်တွင် ပန်းမြတ်ဒေဝီတစ်ဦးတည်းသာ ရှိလေ၏။ ပန်းမြတ်ဒေဝီသည် သူမတစ်ဦး





တည်း ရှိသောအခါနှင့် သူ၏ဘကြီးဦးစောတလုံးတို့ ရှိသည့်အခါများတွင် တိပ်ရီကော်ဒါသီချင်းဖွင့်၍ နားထောင်ပြီး အနားယူနေလေ့ရှိလေသည်။

(ထိုအချိန်က ကျွန်တော်တို့မြို့တွင် တိပ်ရီကော်ဒါပိုင်ဆိုင်သူမှာ သုံးဦးသာ ရှိပါသည်။ မိုလ်ချုပ်လမ်းမှ ဦးအုန်းမြင့်ထံတွင်တစ်လုံး၊ ဈေးလမ်းရွှေအုန်းသီးဆိုင်ပိုင်ရှင် ဒေါ်ဆွန်ထံတွင် တစ်လုံးနှင့် ပန်းမြတ်ဒေဝီထံတွင် တစ်လုံးဖြစ်ပါသည်။

စာရေးသူ)

တိပ်ရီကော်ဒါစက်သည် လူချမ်းသာများသာ နားသောတဆင်နိုင်သော ဇိမ်ခံပစ္စည်းဖြစ်လေ၏။ ပန်းမြတ်ဒေဝီကိုယ်တိုင်က သီချင်းနားထောင်ရသည်ကို ဝါသနာပါလေ၏။ အထူးသဖြင့် အဆိုတော်ခင်မောင်ရင်၏သီချင်းများကို ပန်းမြတ်ဒေဝီ အနှစ်သက်ဆုံးဖြစ်၏။ ပန်းမြတ်ဒေဝီသည် ထိုင်ခုံဆိုဖာနောက်မှီတွင် ခေါင်းကလေးတင်ကာ အဆိုတော်ခင်မောင်ရင်၏သီချင်းကို နားထောင်နေလေ၏။ ထမင်းချက်မစိမ်းမြက လှေကားမှတစ်ဆင့် အိမ်ပေါ်သို့တက်လာသည်

www.burmeseclassic.com



"မမ ... ကျွန်မကို ဘာခိုင်းဦးမလဲ"

မစိမ်းမြသည် ပန်းမြတ်ဒေဝီ၏ဘေးတွင် လက်နှ ဖက်ကို ရှေ့ပစ်၍နေရင်းမှ မေးသည်။

"ဘာမှခိုင်းစရာမရှိတော့ပါဘူး"

"ဒါဆို ကျွန်မ အိပ်တော့မယ်နော် မမ"

"အေးကွယ် ... အိပ်တော့"

မစိမ်းမြသည် အောက်ထပ်သို့ ပြန်ဆင်းသွားလေ၏။ ပန်းမြတ်ဒေဝီသည် သီချင်းများကို ဆက်၍နားထောင်နေမိ၏။

'ဒုန်း'

အိမ်အပေါ်ထပ် နှစ်ယောက်အိပ်ခန်းမှတံခါးသည် ဖွင့်ထားရာ တစ်စုံတစ်ဦးက ဆွဲ၍ပိတ်သည့်နှယ် ပြင်းထန်သောအသံကို ကြားလိုက်ရ၏။ ရုတ်တရက်မို့ ပန်းမြတ်ဒေဝီ လန့်သွားသည်။ အပေါ်ထပ်မှ ပြတင်းပေါက်တံခါးအားလုံးကို ပိတ်ထားသဖြင့် ပြင်ပမှတိုက်ခတ်နေသောလေသည် အိမ်ထဲသို့တိုးလာစရာ အကြောင်းမရှိ။ ပန်းမြတ်ဒေဝီသည် တိပ်ရီကော်ဒါစက်ကို ပိတ်ကာ သူ၏အခန်းထဲသို့ ဝင်လာခဲ့၏။





သူ့အခန်းနှင့် ကပ်လျက် နှစ်ယောက်အိပ်အခန်းထဲမှ လမ်းလျှောက်နေသည့် အသံများကို ကြားနေရသည်။

"အင်း .. ဟင်း .. ဟင်း"

ညည်းညူသံကိုလည်း ကြားရပြန်သည်။ ပန်းမြတ်ဒေဝီသည် အိမ်အပေါ်ထပ်၌ သူမ တစ်ဦးတည်းရှိရာ စိတ်များ ချောက်ချားလာမိလေ၏။ လျှပ်စစ်မီးချောင်းကိုပိတ်၍ ညအိပ်မီးသီးကလေးကိုသာထွန်းပြီး အိပ်ရာထဲသို့ ဝင်လာခဲ့၏။

'ဒက် .. ဒက် .. ဒက်'

တစ်ဖက်ခန်းမှ ပန်ကာလည်နေသံလိုလို ကြားရပြန်သည်။ ပန်းမြတ်ဒေဝီသည် စောင်ကိုခေါင်းမြီးခြုံထားလိုက်၏။ တစ်ဖက်ခန်းမှ လမ်းလျှောက်နေသံများကို ကြားနေရသည်။ ပန်းမြတ်ဒေဝီသည် ဘုရားသခင်အား အောက်မေ့တ,သရင်း အိပ်ပျော်သွားလေ၏။

ထိုသို့ ညစဉ်ညတိုင်း တစ်ဖက်ခန်းမှ စကားပြောသံများလိုလို၊ လမ်းလျှောက်နေသံလိုလို အသံများကြားရသော အခါ ပန်းမြတ်ဒေဝီ သွေးပျက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညဘက်ကျရင် မမ ဘာတွေလုပ်တာလဲ၊ တဒုန်းဒုန်း,တဒိုင်းဒိုင်းနဲ့ ခိုင်းစရာရှိရင် ကျွန်မကို ပြောပါ"

မစိမ်းမြက အပေါ်ထပ်မှ နှစ်ယောက်အိပ်ခန်းတည့်တည့်ရှိ အောက်ထပ်မှအခန်းတွင် ညအိပ်သည်ဖြစ်ရာ ညစဉ်ညတိုင်း ပန်းမြတ်ဒေဝီကြားရသောအသံများကို မစိမ်းမြလည်း ကြားသိနေသည်မှာ သေချာသွား၏။

"ငါ ဘာမှမလုပ်ဘူး၊ နှစ်ယောက်အိပ်ခန်းထဲက ညတိုင်းကြားနေရတာပဲ"

"ဟင်"

⁂



ကျွန်ုပ်သည် ပန်းမြတ်ဒေဝီအား အခန်းတံခါးပိတ်၍ အိပ်စက်ရန် ပြောလိုက်၏။

အိမ်အပေါ်ထပ်မှ လျှပ်စစ်မီးများကို ပိတ်ခိုင်းပြီး ညှော်ခန်းထဲတွင် ဆေးတံသောက်ရင်း ထိုင်နေလေ၏။ တောင်ဘက်ကင်းတဲတစ်ခုဆီမှ သံချောင်း ခေါက်သံ (၁၂) ချက်ကို ကြားရသည်။

'ကလောက် ॰ ချပ် ॰ ကလောက် ॰ ချပ်'

ကျွန်ုပ်၏နားထဲတွင် အမာခံတစ်ခုပေါ်သို့ မာကျောသောပစ္စည်းကို ချလိုက်သည့်အသံကို ကြားလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဆေးတံမီးကိုသတ်ကာ နားစွင့်နေ
လိုက်၏။

'ဒုန်း'

ကြမ်းပြင်ပေါ်သို့ လေးလံသောအရာဝတ္ထုကျသည့်
အသံကို ကြားရပြန်၏။

"ဟင်း"

နှစ်ယောက်အိပ်ခန်းထဲမှ သက်ပြင်းချသံကို သေ
စွာ ကြားရသည်။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လ
လျှောက်နေသံ ကြားရပြန်သည်။ ထို့နောက် လ
လျှောက်သံက ပျောက်သွားသည်။

"ဟင်း"

သက်ပြင်းချသံကို ကြားရ၏။

ကျွန်ုပ် ပြုံးလိုက်မိ၏။

နံရံကိုချဉ်းကပ်၍ နှစ်ယောက်အိပ်အခန်းနား
ကပ်သွား၏။ ပန်းမြတ်ဒေဝီ၏အခန်းဘေးတွင်ရပ်က
အသက်ကို ဖြည်းညင်းစွာ ရှူရှိုက်နေမိသည်။

တာလမ်းဘက် ဓာတ်မီးတိုင်မှ အလင်းရောင်သ





အပေါ်ထပ်အခန်းမှမှန်ကို ထိုးဖောက်ပြီး အိမ်ထဲသို့ ဝင်နေ
၏။

နှစ်ယောက်အိပ်ခန်းထဲမှ မည်းမည်းသဏ္ဍာန်အရိပ်
သည် တံခါးပေါက်ဆီသို့ တိုးလာသည်။

ကျွန်ုပ်သည် တံခါးပေါက်နားတွင် ကွယ်၍ရပ်နေ
လိုက်၏။ တံခါးရွက်ကိုကိုင်ကာ ဆောင့်ပိတ်ရန်ဟန်ပြင်လိုက်
စဉ် ကျွန်ုပ်က တံခါးရွက်အား လက်ဖြင့်ဆွဲထားပြီး မည်းမည်း
သဏ္ဍာန်ကို ခြေထောက်ဖြင့် ကျုံး၍ကန်းပစ်လိုက်၏။

"အင့် . . . အောင်မလေးဗျ"

ကျွန်ုပ်သည် နှစ်ယောက်အိပ်ခန်းထဲမှ ယျှပ်စစ်မီး
ခလုတ်ကို ဖွင့်လိုက်၏။

"ဟင် . . . ဘထွန်းဖဲ"

"ဟာ . . . အင်ဂဗိဇ္ဇာဆရာသိန်း"

ဘထွန်းဝေသည် ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ဖိ
ကာ ညည်းညူနေပေ၏။

ဆူညံသောအသံများကြောင့် ပန်းမြတ်ဒေဝီ၊
အောက်ထပ်မှ ထမင်းချက်မိန်းမနှင့် ခြံစောင့် အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ကျွန်ုပ်အနားသို့ ရောက်လာကြလေ၏။

"သူ ... သူက ဘယ်သူလဲဆရာကြီး၊ ဒီအခန်းထဲကို ဘယ်လိုလုပ်ရောက်လာတာလဲ"

"သူ့ကို ပန်းမြတ်ဒေဝီမသိဘူးလား"

"မသိပါဘူး ဆရာကြီး"

"သူ့နာမည်က ဘထွန်းဖံ၊ ပုံကျဖိမ်မယ်တွေကို မွေးပြီး စီးပွားရှာနေတဲ့ ပြည့်တန်ဆာခေါင်း၊ သူ့ကိုယ်သူ လူမိုက်တစ်ယောက်လို့ ကြွေးကြော်နေတဲ့ကောင်"

"ဟင်"

"ဟော့ကောင် ဘထွန်းဖံ ... ဘာလို့ မင်းက ဒီအိမ်မှာ သရဲခြောက်သယောင် အကွက်ဆင်ရတာလဲ"

"ဒီ ... ဒီလိုပါဆရာကြီး ... ပန်းမြတ်ဒေဝီဆီကို ညှို့သည်တွေ အသွားအလာများတော့ ကျွန်တော့်လုပ်ငန်းက မအောင်မြင်ဘူး၊ ပန်းမြတ်ဒေဝီဆီကို ဘယ်သူမှမလာရအောင်





ခြောက်လှန့်လွှတ်ရတာပါ"

"ကျုပ် ညှို့ခန်းမှာထိုင်နေတော့ သစ်ကိုင်းက အိမ်အမိုးကို ဆတ်ခနဲ ဆတ်ခနဲ လာရိုက်တဲ့အသံကို သတိပြုမိတယ်၊ ည (၁၂) နာရီသံချောင်းခေါက်ပြီးတော့ အိမ်အမိုးအုတ်ကြွပ်ကိုခွာပြီး အမိုးပေါ်မှာပဲ ပြန်ချတဲ့အသံကို ကြားရတယ်၊ ကျုပ်က နှစ်ယောက်အိပ်အခန်းနားကို ချဉ်းကပ်သွားတော့ တာလမ်းက မီးရောင်က အပေါ်ထပ်အခန်းကမှန်ကို ထိုးဖောက်ပြီး တံခါးပေါက်ဝနားအထိ အလင်းရောင်ဖြာကျနေတယ်၊ အခန်းထဲမှာ အရိပ်တစ်ခုက တံခါးပေါက်ရှေ့မှာ လှုပ်ရှားနေတာ တွေ့ရတယ်၊ သရဲတစ္ဆေဆိုရင် ဒီလိုတွေ့နိုင်စရာ အကြောင်းမရှိဘူး၊ ဒီတော့ လူပဲဖြစ်ရမယ်လို့ ကျုပ်တွက်ဆမိတယ်၊ အဲဒီအရိပ်က တံခါးပေါက်ဝကို လျှောက်လာတယ်၊ တံခါးရွက်ကို အတင်းပိတ်မလို့ လက်နဲ့လာပြီးအဆွဲမှာ ကျုပ်က ဗိုက်နေရာကို တအားကျုံးကန်းပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ငါပြောတာနဲ့ မင်းလုပ်ခဲ့တာတွေ တစ်ထပ်တည်းမဟုတ်လား ဘထွန်းဖံ"

"ဟုတ် . . . ဟုတ်ပါတယ်"

"ဘထွန်းဖံ . . . မင်းကို ဖောက်ထွင်းမှုနဲ့ ဂါတ်ထဲပို့မယ်"

"မလုပ်ပါနဲ့ ဆရာကြီးရယ်၊ ပန်းမြတ်ဒေဝီကို နောက်နောင် ဒုက္ခမပေးတော့ပါဘူး"

"သူ့ကို ပြန်ခိုင်းလိုက်ပါ ဆရာကြီး၊ ဒီကိစ္စကို အများတကာသိသွားရင် ရှက်ဖို့ကောင်းပါတယ်၊ ကျွန်မလည်း ဒီစီးပွားရေးကို ဘယ်တော့မှ မလုပ်တော့ပါဘူး"

ဘထွန်းဖံသည် ကျွန်ုပ်အား ထိုင်၍ရှိခိုးကာ အိမ်ပေါ်မှ ဆင်းသွားလေ၏။

ပန်းမြတ်ဒေဝီသည် ညှိုးငယ်သောမျက်နှာထားဖြင့် ဧည့်ခန်းထဲတွင် ထိုင်နေလေ၏။

"မနက်ဖြန်ကျရင် ကျုပ်ကြောင့် ပန်းမြတ်ဒေဝီအိမ်မှာ ချောက်လှန့်နေတဲ့သရဲတစ္ဆေတွေ





မရှိတော့ဘူးလို့ မိတ်ဆွေတွေကို ပြောပြလိုက်ပါ"

ပန်းမြတ်ဒေဝီသည် ငြိမ်၍နားထောင်နေလေ၏။

"ကျုပ် အိမ်ပြန်တော့မယ် ပန်းမြတ်ဒေဝီ"

"ဟာ . . . ညဉ့်နက်သန်းခေါင်အချိန်ရောက်နေပြီ၊ မနက်ကျမှ အေးအေးဆေးဆေးပြန်ပါလား ဆရာကြီး"

"ရပါတယ် ပန်းမြတ်ဒေဝီ . . . ကျုပ်ဖြည်းဖြည်းချင်း လမ်းလျှောက်ပြန်ပါ့မယ်"

ပန်းမြတ်ဒေဝီသည် သူ့အခန်းထဲသို့သွားရန် ဟန်ပြင်လေ၏။

"ဘာလုပ်မလို့လဲ ပန်းမြတ်ဒေဝီ"

"ဆရာကြီးကို ကျွန်မ ဥာဏ်ပူဇော်ခ . . ."

"မလိုပါဘူး ပန်းမြတ်ဒေဝီ"

ကျွန်ုပ်သည် အိမ်အပေါ်ထပ်မှ ဖြည်းညင်းစွာ ဆင်းသွားခဲ့၏။ ခြံစောင့်အဘိုးကြီးက ခြံဝအထိ လိုက်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ခြေလှမ်းမှန်မှန်လျှောက်၍ အိမ်သို့ ပြန်လာခဲ့လေတော့၏။

* * *





www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဒေါက်သံ

ကျွန်ုပ်တော်၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သည့် သုံးဆယ်မြို့လယ်ကောင်တွင် အရှေ့မှအနောက်သို့ ကွေ့ပတ်စီးဆင်းနေသော သုံးဆယ်ချောင်းကြီးရှိသည်။ သုံးဆယ်ချောင်းဖျား (ချောင်းစတင်စီးဆင်းသည့်နေရာ) သည် သုံးဆယ်မြို့နှင့် (၁၅) မိုင်ခန့်ဝေးကွာမည်ထင်သည်။ မိုးများအဆက်မပြတ်ရွာသွန်းသည်နှင့် သုံးဆယ်ချောင်းမှ တောင်ကျရေဆင်းလာသည်။ တောင်ပေါ်မှ ချောင်းထဲသို့ စီးဆင်းလာသောရေဖြစ်၍ တောင်ကျရေဟုခေါ်သည်။ တောင်ကျရေဆင်းလာလျှင် ရေထဲ၌ သစ်တိုဝါးတိုများ၊ အမှိုက်သရိုက်



www.burmeseclassic.com

www.burmeseclassic.com



များ ပါလာသည်။ ကျွန်တော်တို့ချောင်းကမ်းပါးတွင် နေထိုင်သူများက တောင်ကျရေဆင်းလာလျှင် ထင်းဆင်းဆယ်ကြသည်။ မီးဆိုက်ရန်ဖြစ်သည်။

ကျွန်တော်တို့အဘိုးဦးသင်က ဝါးကုန်သည်ဖြစ်၏။ သုံးဆယ်ချောင်းဖျားသို့ ဝါးဖောင်များသွားဝယ်ပြီး ရေထဲတွင် မျှောယူလာသည်။ သုံးဆယ်ချောင်းကမ်းပါးမှ ခြံနားသို့ ရောက်လျှင် ဝါးဖောင်းတွဲမှုကြိုးများကို သစ်ပင်ကြီး၏ပင်စည်တွင် ချည်နှောင်ထားပြီး ဝါးခိုင်ဖွင့်သည်။ ထိုနေရာကို ဝါးဖောင်ဆိပ်ဟုလည်း ခေါ်သည်။ ဝါးဖောင်ပေါ်တွင် တဲအိမ်ကလေးဆောက်၍ ဝါးဖောင်စောင့်ထားရသည်။ ဝါးများကို ခိုးယူခံရ၍ဖြစ်သည်။ တောင်ကျရေဆင်းလာလျှင် ဝါးဖောင်များ ရေထဲသို့ပြတ်မျောသွားမည်ကို စိုးရိမ်ရသောကြောင့် ဝါးဖောင်ခါးသက်ကြိုး ဝါးဖောင်တစ်ခုနှင့်တစ်ခုကို ချည်နှောင်ထားသော နီးကြိုးများကို ခိုင်ခန့်အောင် ချည်ထားရသည်။

အဘိုးဦးသင်ကွယ်လွန်သွားတော့ ဝါးလုပ်ငန်းကို ကျွန်တော့်အဖေက ဆက်လက်လုပ်ကိုင်သည်။ ထိုအချိန်က





ကျွန်တော့်အစ်ကိုက (၁၈) နှစ်သားအရွယ်၊ ကျွန်တော်က (၁၅) နှစ်သားအရွယ်လောက်သာ ရှိသေးသည်။ ချောင်းကမ်းပါးနားတွင် နေထိုင်ကြသည်။

ယောက်ျားလေး,မိန်းကလေး မှန်သမျှသည် ရေကူးတတ်ကြသည်။ နှစ်စဉ် မိုးရွာသွန်းသည့်အချိန်မှ မိုးကုန်သည်အထိ ချောင်းထဲတွင် ရေစီးနေသည်ကို မြင်တွေ့ရသဖြင့် ကလေးတိုင်း ချောင်းထဲ၌ ရေချိုးချင်ကြသည်။ ရေကူးချင်ကြသည်။ မိဘများက သားသမီးများကို ရေနစ်မည်စိုးရိမ်ကြသည်။ ရေစီးက သန်သည်ကိုး။ ကလေးများက မိဘများမသိအောင် ရေခိုးကူးကြသည်။ ညဥ့်နက်သန်းခေါင် တောင်ကျရေဆင်းလာသည့်အခါ ရေစီးသံသည် 'ဝေါ . . အော . . အော' . . . ဆိုသည့် သတ္တဝါတစ်ကောင်အော်သံလိုနှယ် ကြားရသည်။ ထိုအခါ မိဘများက သားသမီးများကို . . .

"ဟဲ့ ကလေးတွေ . . . ချောင်းအော်
တယ်နော်၊ ရေသရဲကစားချင်လို့ အော်နေတာ၊
ချောင်းထဲ ရေသွားမချိုးနဲ့"

ဟု သတိပေးကြသည်။ ရေသရဲသည် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အသွင်သဏ္ဌာန်ရှိသည်ကို ကျွန်တော်တို့ မခန့်မှန်းတတ်ပါ။ ချောင်းရေကြီးသည့်အခါ ကမ်းပါးပေါ်အထိ ရောက်သည်။ ရေစီးနှုန်းသည် မြင်းတစ်ကောင်ပြေးနေသည့်နှုန်း မြန်ဆန် လွန်းလှသည်။ ကမ်းပါးပေါ်အထိ ရေတက်သည်ကို 'ဧ ဗောင်လန်' သည်ဟုဆိုကြသည်။

ထိုအချိန်တွင် သစ်ထုတ်လုပ်ရေးမှ ကျွန်းတုံးများ သည် ချောင်းရေကြောင်တွင် မျောပါလာသည်။ ပဲခူးရိုးမတော ထဲမှ သစ်လုံးများကို ရေစီးဖြင့် မြစ်ဝသို့ မျှောချခြင်းဖြစ်သည်။ ရေထဲမျောပါလာသော သစ်လုံးများက ဝါးဖောင်များကို အရှိန်ဖြင့်လာဆောင့်၍ ဝါးဖောင်များ ပြတ်မျောတတ်သော ကြောင့် တောင်ကျရေဆင်းလျှင် ကျွန်တော်တို့ညီအစ်ကိုက ဝါးဖောင်ဦးတွင် ထိုင်စောင့်နေရသည်။ ဝါးဖောင်ကိုဆောင့် ရန် ဦးတည်မျောပါလာသောသစ်လုံးကို ထိုးဝါးဖြင့် တစ်ဖက် သို့ တွန်းထုတ်ရသည်။ နေ့အခါတွင် တောင်ကျရေဆင်းလျှင် မြင်မြင်ထင်ထင်မို့ မပင်ပန်းလှ။

ဟော ... ညဘက်တွင် တောင်ကျရေဆင်းလာ လျှင်တော့ သတိထားရသည်။ အမှောင်ထဲတွင် ရေစီးထဲ၌





မျောပါလာသော သစ်လုံးကိုမြင်အောင် အာရုံစိုက်ရသည်မှာ မလွယ်လှ။ သည်ကြားထဲ မိုးရွာသွန်းနေလျှင် စိတ်ညစ်ရော ကောင်းလှသည်။ ခြင်ကိုက်ခံရသည်မှာ သေလုမျောပါး။ ကျွန်တော်က ငယ်ငယ်ကတည်းက သရဲမကြောက်တတ်။ ကျွန်တော့်အစ်ကိုကြီးက သရဲကြောက်တတ်သည်။ ညဘက် တောင်ကျရေဆင်း၍ သစ်လုံးဖယ်ရှားရမည်ဆိုလျှင် အစ်ကို ကြီးမှာ မျက်နှာငယ်လေးနှင့်။ သူ့ကိုကြည့်ပြီး ကျွန်တော့်မှာ သနားသွားရသည်။

"အစ်ကိုကြီး ... မင်း ဝါးဖောင်စောင့် တဲထဲမှာသာ အိပ်နေတော့၊ ငါပဲ သစ်လုံးတွေ ဝါးဖောင်ကို မဆောင့်အောင် ဖယ်ရှားပစ်မယ်"

အစ်ကိုကြီးမျက်နှာ ဝင်းလက်သွားသည်။ ဝါးဖောင် စောင့်တဲထဲသို့ ဝင်သွားသည်။ ကျွန်တော်က ရေနံဆီမီးခွက် ကို မီးအုပ်ဆောင်းထဲတွင်ထည့်ကာ ဝါးဖောင်ဦးတွင် ထိုင်နေ လိုက်သည်။ ချောင်းထဲတွင် အေးစိမ့်နေအောင်ချမ်းသည်။ အအေးဒဏ်သက်သာစေရန် ဆေးပေါ့လိပ်ခိုးသောက်ရာမှ ဆေးလိပ်စွဲသွားသည်။ ချောင်းရေက တသွင်သွင်စီးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေရှိန်က တဖြည်းဖြည်းမြင့်တက်လာသည်။ ရေစီးသံက တဝေါဝေါနှင့်။ အမေပြောသည့် ချောင်းအော်သံလေလားဟု တွေးမိသည်။

ချောင်းအော်သည်ဟု လူကြီးတွေပြောသည့်နှစ်တွင် သုံးဆယ်ချောင်းထဲ၌ တစ်ဦးမဟုတ်တစ်ဦး ရေနစ်သေသည်ကိုတော့ ကြားသိနေရသည်။ ဘာလို့ဆိုတော့ တောင်ကျရေနှင့်အတူ လူသေအလောင်းများ မျောပါလာတတ်သည်ကို တွေ့ဖူးသည်ကိုး။

ကျွန်တော်ငယ်စဉ်က ချောင်းထဲတွင် ရေခိုးကူးရင်း ရေနစ်ဖူးသည်။ နှာခေါင်း၊ ပါးစပ်ထဲသို့ ရေတွေဝင်ပြီး မွန်းကျပ်သောဝေဒနာကို ခံစားရသည်။ သို့သော် ရေကူးတတ်ချင်သည့်စိတ်က ပြင်းပြနေတော့ ရေနစ်သည်ကို ဂရုမထား။ သည့်လို အဘိုးအဘွား,မိဘတွေ မသိအောင် ရေခိုးကူးရင်း ရေကူးတတ်သွားသည်။ ချောင်းကမ်းပြည့် ရေစီးသန်သည်ကိုလည်း မကြောက်မရွံ့ကူးသည်။

အဖေ ဝါးအရောင်းအဝယ်စတင်လုပ်သည့်နှစ်တွင် တစ်ဖက်လမ်းမှလူများက ရေချိုးရင်း ကျွန်တော့်ကို ပြောဖူး





သည့် စကားများကို သတိရမိသည်။

"ဖော်မင်း ... မင်း ရေသရဲမြင်ဖူးသလား"

ကိုတင်ရွှေက မေးသည်။

"ဟင့်အင်း ... မမြင်ဖူးဘူး"

"တောင်ကျရေဆင်းလာပြီး ကမ်းတိုက်ရေ မြင့်တက်လာတဲ့အခါ ဟိုး ... သခွတ်ကုန်းဆိပ် (ကျွန်တော်တို့ အရှေ့ဘက်မှ ချောင်းကွေ့လာသည့်နေရာကို ဆိုလိုသည်) နေရာက ထန်းပင်တစ်ရပ်စောက်လောက်ရှိတဲ့ ရေသရဲကြီးက ရေထဲက ကုန်းထလာတယ်၊ ခြေတစ်ချောင်းက သခွပ်ကုန်းကမ်းပါးမှာ ထောက်, နောက်တစ်ဖက်က မကျီးကုန်းချောင်းဆင်းလမ်းမှာထောက်ပြီး ခေါင်းကြီးငုံ့ပြီး လျှာထုတ်လို့ ချောင်းရေတွေကို သောက်ပြီး အားရပါးရ ရယ်နေတော့တာပဲ၊ ဝါးဟားဟား ဝါးဟားဟား ... နဲ့ ရေသရဲလျှာကြီးက တစ်လံလောက်ရှည်တယ်၊ တောင်ကျရေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာရင်း ဝေါဝါးဟားဟား အသံကြီး မင်း ကြားဖူးတယ်မဟုတ်လား''

''အင်း ... ကြားဖူးတယ်''

''အဲဒါ ရေသရဲကြီးအော်တာ''

''ဟင်''

ကိုတင်ရွှေက ဝါးဖောင်ပေါ်မှခုန်ဆင်းပြီး တစ်ဖက်ကမ်းသို့ ကူးသွားသည်။ ကျွန်တော်က သို့လောသို့လော တွေးရင်း ဝါးဖောင်ပေါ်တွင် ကျန်ခဲ့သည်။ အရှေ့ဘက်သို့လည်း လှမ်းကြည့်မိသည်။ ဩော် ... သူမြင်ဖူးလို့ ပြောတာပဲဟု ထင်ခဲ့သည်။ သူပြောသည်ကို နားထောင်နေတုန်းကတော့ ကြက်သီးထမိသည်။

ညဉ့်အမှောင်တွင် ဝါးဖောင်စောင့်ရသည့်အခါ ကိုတင်ရွှေပြောသည့် ရေသရဲကြီးကို သတိရသွားသည်။ အစ်ကိုကြီးက ဝါးဖောင်စောင့်တဲထဲတွင် အိပ်မောကျနေလောက်ပြီ။ ဝါးဖောင်ဦးတွင် ထိုးဝါးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်း ရယ်နေမိသည်။

'ဝေါ .. ဟား .. ဟား'





သခွပ်ကုန်းကမ်းပါးချောင်းကွေ့နေရာမှ အသံကြီးကို ကြားလိုက်ရသည်။ စိတ်ကိုတင်းထားပြီး ထိုနေရာသို့ ကြည့်လိုက်မိသည်။ ထန်းပင်ခန့်မြင့်သည့် မည်းမည်းအရိပ်ကြီး တစ်ခုကို မြင်မိ၏။ မျက်လုံးကို ပွတ်သပ်ပြီး အသေအချာ ပြန်ကြည့်သည်။ မည်းမည်းအရိပ်ကြီးသည် ရေထဲသို့ ငုပ်လျှိုးသွားသည့်နှယ် မြင်ရပြန်သည်။

'ဝေါ .. ဟား .. ဟား .. ဟား'

မည်းမည်းအရိပ်ကြီးသည် အပေါ်သို့ ဆန့်တက်လာသလိုမြင်ရပြန်၏။ ခေါင်းကို ဘယ်ညာခါယမ်းပြီး မကြည့်ဘဲနေလိုက်သည်။ ဖောင်ဦးကိုဝင်တိုက်မည့် သစ်တုံးကိုသာ စူးစိုက်ကြည့်နေမိသည်။ တောင်ကျရေနှင့်အတူ မျောပါလာသည့် ထင်းတိုဝါးတိုများက မနည်း။ ထင်ဆယ်ချင်ပေမယ့် ဝါးဖောင်ဦးကို သစ်တုံးက အရှိန်ဖြင့်ဝင်တိုက်မည်ကို စိုးရိမ်သည်။

အရှေ့ဘက်သို့ လှမ်းကြည့်သည်။ မည်းမည်းအရိပ်ကြီးသည် ကုန်းကွကွကြီးဖြစ်နေသလို မြင်ရပြန်သည်။ ကြောက်စိတ်တွေ မပေါ်စဖူးပေါ်လာသည်။ ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်ခုန်လာသည်။ အစ်ကိုကြီးသာ မည်းမည်
အရိပ်ကြီးကိုမြင်လျှင် သွေးပျက်ပြီး အိမ်ဘက်သို့ ပြေးမှ
သေချာသည်။ သာရဲမကြောက်တတ်သည့် ကျွန်တော်ပင်
စိတ်လှုပ်ရှားလာသည်။

မီးအုပ်ဆောင်းထဲမှ ရေနံဆီမီးခွက်၏အလင်းရောင်
သည် ရေပေါ်တွင် မှိန်ပျပျသာ လင်းနေ၏။ တောင်ပေါ်တွင်
မိုးရွာချိန်များခဲ့သည့် ထင်၏။ ပထမ တောင်ကျရေဆင်းသည်
အခါ အမြှုပ်များ၊ အမှိုက်သရိုက်ပုံများ ပါလာသည်။ ထို
တောင်ကျရေကို 'ရေဦး' ဆင်းသည်ဟုခေါ်သည်။ ချောင်းရေ
များ တသွင်သွင်စီးဆင်းရင်း ရေထဲတွင် အမှိုက်သရိုက်များ
ရှင်းလာသည်။ ထိုသို့စီးဆင်းနေခိုက် ရေမြှုပ်များ၊ အမှိုက်
သရိုက်များ ထပ်ပါလာလျှင် 'နောက်ရေ' လိုက်လာသည်ဟု
ဆိုသည်။

ယခုလည်း နောက်ရေလိုက်လာသဖြင့် ချောင်းရေ
က ကမ်းပါးပေါ်သို့ပင် တက်နေပြီ။ ကျွန်းတုံးများ အဆက်
က် မျောပါလာသည်။ သစ်ပုံ (သစ်တုံးများမျောပါမသွာ
မပြု ချောင်းဟိုဘက်ကမ်း၊ သည်ဘက်ကမ်းကို သံမဏိ
အောင် ရေ





ကြိုးဖြင့် တားဆီးထားသည့်နေရာကိုခေါ်၏) မှ သစ်လုံးများ
ကို ဖွင့်ထုတ်လိုက်ပြီထင်သည်။ ဝါးဖောင်ဦးကို မတိုက်မိ
စေရန် သစ်လုံးများကို ထိုးဝါးဖြင့် တွန်းထုတ်နေရသည်။

ထိုစဉ် သစ်တုံးတိုတစ်တုံးက ဝါးဖောင်ထိပ်သို့ ဦး
တည်မျောပါလာသည်။ ကျွန်တော်က ထိုးဝါးဖြင့် တွန်းထုတ်
ရန် ဟန်ပြင်သည်။ သစ်တုံးတိုက အနားသို့ရောက်လာ
သည်။ ထိုးဝါးဖြင့် လှမ်းထိုးလိုက်သည်။ ထိုးဝါးက သစ်တုံး
တိုထဲသို့ နစ်ဝင်သွားသည်။ ထိုးဝါးကို တအားဆွဲနှုတ်တော့
ပါလာသည်။ သစ်တုံးတိုက ရေတွေဝင်ပြီး ပွနေသည်ဟု
ထင်မိသည်။ ဝါးဖောင်ဦးကို အရှိန်ဖြင့်ပင် တိုက်သည်။ ဝါး
ဖောင်များ လှုပ်ရှားသွားခြင်းမရှိ၊ ကန့်လန့်ခံနေသည်။ သစ်တုံး
တိုကို ဝါးဖောင်ပေါ်သို့ဆွဲတင်ရန် စိတ်ကူးသည်။ ထိုးဝါးကို
ချပြီး သစ်တုံးတိုကို အားတင်ပြီးမ,သည်။

"အင်း"

သစ်တုံးတိုက ပွစိစိနှင့် ဝါးဖောင်ပေါ်သို့ မ,တင်၍
မရ။ ထို့ကြောင့် သစ်တုံးတိုအောက်သို့ ထိုးဝါးကိုသွင်းကာ
ကုတ်သဘောမျိုး မ,တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လူသေကြီး"

ထိုးဝါးဖြင့် ရေလယ်သို့တွန်းထုတ်သည်။ အသက်မရှူမိ။ အသားတွေ တဆတ်ဆတ်တုန်နေသည်။ ချောင်ကမ်းပါးပေါ်သို့ ပြေးတက်လာခဲ့မိ၏။

"ဟဲ့သားငယ်လေး ... ဘာဖြစ်လို့လဲ"

ကမ်းပါးပေါ်တွင် အဖေက ကျွန်တော့်လက်ကိုဆွဲထား၏။

"လူသေအလောင်းကြီး ဖောင်ဦးကို လာတိုက်လို့"

"ငါ့သား ကြောက်နေသလား"

"ဟို ... ဟို ..."

စကားတွေ ပြောမထွက်။ အာခေါင်တွေ ခြောက်သွေ့နေသည်။

"သား ... အိမ်ပြန်အိပ်တော့၊ အဖေဆက်စောင့်နေမယ်"

"ဟင့်အင်း ... မအိပ်တော့ဘူး၊ ရုတ်တရက်မို့ လန့်သွားတာ၊ အဖေ ဝါးဖောင်စောင့်တဲ့မှာ

လင်းမြတ်စာပေ



အိပ်နေ၊ လိုအပ်မှနှိုးမယ်"

"သားအစ်ကိုကြီးရော"

"ဝါးဖောင်စောင့်တဲမှာ အိပ်နေတယ်"

"ဟား ဟား ... သားကြီးက အားကိုးရသားပဲ"

ကျွန်တော်က ဝါးဖောင်ဦးသို့ ပြန်လာသည်။ အဖေက အစ်ကိုကြီးနှင့်အတူ သွားအိပ်သည်။ မိုးကလေး တဖွဲဖွဲရွာလာသည်။ ချောင်းရေကို ဖြတ်သန်းတိုက်ခတ်လာသောလေသည် တစ်ကိုယ်လုံးကို အေးစိမ့်သွားစေသည်။ 'ငါယောက်ျားပဲ ... ဘာကြောက်စရာရှိသလဲ' ... ဟု စိတ်ကိုတင်းထားမိသည်။ ချောင်းရေထဲတွင် အဖေ ရင်းနှီးထားသည့် ဝါးများတန်ဖိုးသည် မနည်း။ ဝါးဖောင်များ ပြတ်မျောပြီးဆုံးရှုံးရမည်ကို လုံးဝမလိုလား။ ရေ တရိပ်ရိပ်တက်လာသည်။ ရေထဲသို့ စူးစိုက်ကြည့်နေမိသည်။

ညဥ့်က နက်သည်ထက် နက်လာသည်။ ရေထဲသို့ အချိန်ပြည့်ကြည့်နေရသဖြင့် ခေါင်းထဲတွင် မူးနောက်လာသည်။ ထိုအချိန်တွင် အရှေ့ဘက်ဆီမှ ...

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ‥ ဟား ‥ ဟား ‥ ဟား'

ဆိုသည့်အသံကြီး ကြားလိုက်ရသည်။ ကျွန်တော် လှမ်းကြည့်လိုက်မိသည်။ မည်းမည်းအရိပ်ကြီးသည် သခွပ်ကုန်းမှ အနောက်ဘက်ရေထဲသို့ ငုပ်လျှိုးလာသည့်နှယ် မြင်တွေ့လိုက်ရသည်။ ချောင်းရေထဲတွင် လှိုင်းများထလာသည်။ ဝါးဖောင်များသည် ကစဉ့်ကလျား လှုပ်ရှားသွား၏။ ဝါးဖောင်ဦးသည် တစ်ပေခန့် မြင့်တက်သွားသည်လား ထင်ရသည်။ အဖေနှင့်အစ်ကိုကြီးတို့ အိပ်နေသော ဝါးဖောင်စောင့်တဲသည် ဘယ်ညာလှုပ်ယမ်းနေသည်။

ချောင်းရေထဲမှ မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာသည်။ ရေပေါ်တွင် ဝါးတစ်ပြိုက်ခန့်မြင့်သည်။ ချောင်းရေများက အောက်သို့စီးကျနေသံကို ကြားရသည်။ မည်းမည်းသဏ္ဌာန်ကြီးသည် ဝါးဖောင်ဦးသို့ တရွေ့ရွေ့လာနေ၏။ ကျွန်တော်က မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။ အနားသို့ရောက်လျှင် ထိုးဝါးဖြင့်စိုက်ထိုးလိုက်သည်။ မည်းမည်းသဏ္ဌာန်ကြီးသည် နောက်သို့လန်ကျသွားသည်။

'ဖြန်း'





လူတစ်ရပ်ခန့် ရေလှိုင်းများ မြင့်တက်သွားသည်။ မည်းမည်းသဏ္ဌာန်ကြီးသည် အရှေ့ဘက်သို့သွားနေသည့်အလား မြင်ရသည်။ သခွပ်ကုန်းဆိပ်ရောက်တော့ မည်းမည်းအရိပ်ကြီးက ပို၍မြင့်လာသည်။ အောက်သို့နိမ့်သွားသည်။

'ဝေါ ‥ ဟား ‥ ဟား ‥ ဟား'

ကျွန်တော့်တစ်ကိုယ်လုံးတွင် ချွေးများစို့ရွှဲနေသည်။ ရေသရဲကြီးက ချောင်းရေတွင်ငုံ့သောက်နေသည်ကို မြင်ရသည်။ ကျွန်တော့်မှာ ပင်ပန်းနွမ်းနယ်နေပြီး တဖြောက်ဖြောက်ရွာနေသည့်မိုးက စဲသွား၏။ ရေထဲတွင် ကျွန်းတုံးများ မျောပါလာမှု နည်းသွားသည်။ သို့နှင့် မိုးစင်းစင်းလင်းလာသည်။ အဖေသည် တဲထဲမှထွက်လာ၏။

"သားငယ်လေး ပင်ပန်းနေရှာပြီ"

"အစ်ကိုကြီး မနိုးသေးဘူးလား"

"မင်းအစ်ကိုကြီးက ညကတည်းက ဝါးဖောင်စောင့်တဲမှာမှ မအိပ်တာ"

"ဟင်"

ညက ကျွန်တော်ကြုံခဲ့ရသည့်ဖြစ်ရပ်ကို အဖေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးကို မပြောပြတော့ဟု ဆုံးဖြတ်လိုက်သည်။ အစ်ကိုကြီးသိလျှင် ညဘက် ဖ်တာင်ကျရေဆင်းသည့်အခါများတွင် ပါးဖောင်ပေါ်သို့ပင် လာရဲမည်မဟုတ်။

"သား ... သွားအိပ်တော့"

ကျွန်တော့်မှာ ဟန်မဆောင်နိုင်အောင်ပင် အိပ်ငိုက်နေ၏။ အိပ်ရာထဲသို့ ဝင်မိသည်နှင့် အိပ်ပျော်သွားသည်။

*

လင်းမြတ်စာပေ

"ဇော်မောင်ရေ ... ဇော်မောင်"

ခေါ်သံနှင့်အတူ အိမ်ပေါ်သို့တက်လာသည့်ခြေသံကို ကြားရသည်။ ကျွန်တော်လှမ်းကြည့်လိုက်တော့ ပန်းဆွဲ (သုံးဆယ်မြို့အရှေ့ဘက်) တွင်နေသည့် ကျောင်းနေဖက်သူငယ်ချင်း ညာဏ်ဝင်းဖြစ်နေသည်။

"ဟာ ... ညာဏ်ဝင်း ... လာလေကွာ ... ဟင်"

ညာဏ်ဝင်း၏ခါးပတ်လည်တွင် ပတ်တီးစည်းထားသည်ကို မြင်တွေ့လိုက်ရသဖြင့် အံ့သြသွားမိသည်။

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်ဝင်း . . . မင်း ဘာဖြစ်လို့လဲ"

"ငါ့ဗိုက်ကို ဝါးချွန်နဲ့အထိုးခံရတာ"

"ဟေ . . . ဘယ်သူက ထိုးတာလဲ"

"မင်းပဲ ထိုးခဲ့တာ၊ အခုမှ မသိချင်ဟန် မဆောင်နေနဲ့"

"ဟင် . . . မဟုတ်တာတွေကွာ၊ မင်းနဲ့ ငါက တစ်နေရာစီ နေတာပဲ၊ မင်း ကျောင်းထွက်သွားကတည်းက မင်းနဲ့ငါ ဘယ်မှာ တွေ့တော့လို့လဲ၊ မင်းကို ငါက ဝါးချွန်နဲ့ ဘယ်တုန်းက ထိုးတာလဲ . . . ပြောစမ်းပါဦး"

"မနှေ့ညက ထိုးတာ၊ ဝါးချွန်က ဝမ်း ဗိုက်က ဝင်ပြီး ကျောအထိပေါက်သွားတာ"

"အို . . . လုံးဝမဖြစ်နိုင်တာကွာ၊ မင်းနဲ့ငါ တွေ့မှမတွေ့တာ"

"ငါ မင်းကိုစိတ်မဆိုးပါဘူး၊ စိတ်ထဲမှာ တော့ မကောင်းဘူး . . . ငါပြန်တော့မယ်"

"တစ်ခုခုစားပြီးမှပြန်ပါလား ရှာပြန်ရမှာ





အဝေးကြီး"

ဉာဏ်ဝင်းက အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ ကျွန်တော်က ဉာဏ်ဝင်းကို အော်ခေါ်နေမိသည်။

"ဉာဏ်ဝင်း . . . ဟေ့ကောင်ဉာဏ်ဝင်း"

"ဟာ . . . သားငယ်လေး ညက ဝါး ဖောင်စောင့်ရလို့ အအေးတွေမိပြီး အဖျားတွေ တက်နေပါပြီ၊ ယောင်ယမ်းပြီးတော့လည်း အော် နေပါလား၊ သားငယ်လေး ထစမ်း"

အဖေက လှုပ်နှိုးသဖြင့် ကျွန်တော် အိပ်ရာမှနိုးသွားသည်။ ကျွန်တော် ကိုယ်တွေပူနေသည်။ အမေက ကျွန်တော့်ကို ဆေးတိုက်၏။ အိပ်ပျော်နေစဉ်က အိပ်မက်သည်ကို ပြန်တွေးမိသည်။

"မနေ့နေ့လယ်ကတည်းက မိုးတွေ တအားရွာပြီး တောင်ကျရေက ဖြည်းဖြည်းချင်း ဆင်းနေတာ၊ ဒီချောင်း အော်နေတာကြာပြီ၊ လူတွေက ပေါ့ပေါ့တန်တန် သဘောထားကြ တာ၊ မနေ့မနက်က ပန်းဆွဲရှာသားကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရွာကသူငယ်ချင်းတွေနဲ့ ချောင်းထဲမှာ ရေကူးနေရင်း ရေနစ်တယ်၊ ကလေးချင်းဆိုတော့ ရေနစ်တာကို ဘယ်ကယ်ရမှာလဲ၊ ရွာကလူတွေကို လှမ်းအော်ခေါ်နေတုန်း ကောင်လေးက ရေထဲ စုန်းစုန်းနစ်သွားပြီး ချောင်းရိုးတစ်လျှောက်ရှာတာ မတွေ့ရဘူး။ ရေနစ်သူဆိုတော့ တွေ့ရာကို ဆုပ်ကိုင်ထားတတ်တာ၊ ကန်တော့ပွဲတွေပေးပြီး တောင်းပန်တာတောင် မရဘူး။ ဟော ... ဒီ မနက်တော့ မြစ်မခမြစ်ထဲမှာ ပေါလောပေါ်နေပြီ တဲ့၊ ဝမ်းဗိုက်တွေ,ကျောတွေ ပေါက်လို့တဲ့၊ ညက တောင်ကျရေတအားဆင်းတော့ မျောပါသွားပြီး ရေထဲက ငုတ်တွေ,ဘာတွေနဲ့ ထိုးတာနေမှာပေါ့၊ အလောင်းကို ရေထဲကဆယ်ပြီး သာယာဝတီ ဆေးရုံကို သယ်သွားကြတယ်''

ကျွန်တော့်အဒေါ်က အဖေ့ကို ပြောပြနေသည်။ ညက ရေထဲတွင်မျောပါလာသော သစ်တုံးတိုထင်ခဲ့သည့် လူသေအလောင်း။ အိပ်မက်ထဲက သူငယ်ချင်းဉာဏ်ဝင်း။





အားလုံးကို ဆက်စပ်တွေးကြည့်လိုက်တော့ ရေနစ်သေဆုံးသွားသူသည် ဉာဏ်ဝင်းသာဖြစ်ရမည်ဟု အတပ်တွေးလိုက်မိသည်။

နောက်တစ်နေ့တွင် ကျွန်တော် နေကောင်းသွားသည်။ ပန်းဆွဲရွာမှ ရေနစ်သေဆုံးသောကောင်လေးသည် ဉာဏ်ဝင်းဖြစ်ကြောင်းသိရသည်။ ထိုအခါ ကြက်သီးထမိသည်။ စိတ်မကောင်းဖြစ်မိသည်။

သုံးဆယ်ချောင်းအော်လျှင် လူတစ်ယောက် (သို့မဟုတ်) နှစ်ယောက် ရေနစ်သေဆုံးတတ်သည်ကို ယုံကြည်လာမိသည်။ ချောင်းအော်သည့်နှစ်တွင် သတိထားရသည်။ အရပ်ထဲမှကလေးများကိုလည်း လူကြီးသူမများ မသိဘဲ ရေဆိုးမကူးရန် ပြောပြမိသည်။ ညဘက်တောင်ကျရေ ဆင်းလျှင် ကျွန်တော်သည် ဝါးဖောင်ဦးတွင်ထိုင်ကာ ကျွန်းတုံးများကို ထိုးဝါးဖြင့်တွန်းဘုတ်ရန် စောင့်နေမိသည်။

'ဝေါ ... ဟား ... ဟား ... ဟား'

ချောင်းအော်သံကို အဆက်မပြတ် ကြားနေရသည်။ သခွပ်ကုန်းဆိပ်ကို မကြည့်မိအောင် စိတ်ကိုတင်းထားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖောင်တွေ ရေထဲသို့ ပြုတ်မကျအောင်သာ ကျွန်တော် ဂရုစိုက်နေမိပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်သံယောဇဉ်

"မားကြီး ... မားကြီး ... မားကြီး"

ဆိုသည့် စူးဝါးသည့် ခေါ်သံလိုလိုအသံကြီးကို ရပ်ကွက်ထဲမှလူများ ကြားလိုက်ရသည်။ လင်မယားချင်း စကားများရန်ဖြစ်နေကြသည်လား၊ အိမ်နီးနားအချင်းချင်း စကားများရန်ဖြစ်နေကြသည်လားဟုသာ သဘောထားလိုက်ကြသည်။ သည်အရပ်၊ သည်ဒေသကလူများက လင်မယားချင်းဖြစ်စေ၊ ခင်မင်ရင်းနှီးသူချင်းဖြစ်စေ ဘာမဟုတ်သည့်အကြောင်းအရာလေးတစ်ခုကို အရင်းခံပြီး စကားများရန်ဖြစ်ကြသည်မှာ အကျင့်လိုဖြစ်နေသည်။

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားများရန်ဖြစ်ပြီးဆိုတော့လည်း အော်ကြီးဟစ်ကျယ် ပြောဆို့ဆဲဆို့ကြိမ်းမောင်းနေကြသည်မှာ မကြားဝံ့မနားသာ။ တစ်ဦး၏အကျင့်ပျက်မှုကို ဖော်ထုတ်ပြောဆိုကာ သိက္ခာချကြသည်မှာ ဆိုဖွယ်ရာမရှိ။ တုတ်ဆွဲ၊ ဓားဆွဲကိုင်ကာ ရိုက်ကြနှက်ကြသည်။ တစ်ရပ်ကွက်လုံး ဆူညံနေသည်။ ဦးရာလူက ရပ်ကွက်လူကြီးထံသို့ ပြေး၍တိုင်ကြသည်။ ရပ်ကွက်လူကြီးများက ရန်ဖြစ်သူနှစ်ဦးစလုံးကို ရပ်ကွက်ရုံးသို့ခေါ်ပြီး ကြားနာစစ်ဆေးရသည်။ နှစ်ဦးနှစ်ဖက်စလုံးကို ဒဏ်ငွေရိုက်သည်။ တစ်ဦးအပေါ်တစ်ဦး မကျေမနပ်ဖြစ်နေကြသည်။

ထိုရက်များအတွင်းမှာတော့ တစ်ဦးကိုတစ်ဦး ဟန်ဆောင်နေကြ၏။ လင်မယားချင်း စကားများရန်ဖြစ်တာမျိုးကတော့ မကြာခင်မှာ ပြန်လည်ခေါ်ပြောတာပေါ့နော်။ သူစိမ်းချင်းရန်ဖြစ်တာမျိုးကလည်း စကားမပြောရင် သုံးလေးရက်ပါပဲ။ နောက်တော့ ဘာမှမဖြစ်ကြသလို ပါးလျက်နားလျက်နဲ့ ပြောဆိုဆက်ဆံကြတာပါပဲလေ။

အဲသလို စရိုက်ဆိုးဝါးတဲ့အရပ်ထဲမှာ ည (၈) နာရီ





ကျော်အချိန် စူးဝါးတဲ့ခေါ်သံကြားရတာကို ဘယ်သူကမှ ဂရုမထားကြပါဘူး။ သည်အရပ်ထဲမှာ လျှပ်စစ်မီးသွယ်တန်းထားသည့်အိမ်က နည်းပါးသည်။ ညအမှောင်ရောက်သည်နှင့် ရေနံဆီမီးခွက်၊ ဖယောင်းတိုင်တို့ကိုသာ ထွန်းညှိလေ့ရှိကြသည်။

သည်တော့ တစ်ရပ်ကွက်လုံးက မည်းမှောင်နေသည်။ တချို့အိမ်များက ညစာစားပြီးသည်နှင့် အိပ်ရာသို့ဝင်ကြသည်။ ဖယောင်းတိုင်ဖိုး၊ ရေနံဆီဖိုး အကုန်အကျခံပြီး ထိုင်ကာ စကားပြောနေနိုင်သည့်လူတန်းစားများ မဟုတ်ကြပါ။

မကြာမီတွင် ဖယောင်းတိုင်မီးကို မြှောက်ကာ သွားလာနေသူတစ်ဦးကို ရပ်ကွက်သူ ရပ်ကွက်သားများက မီးရောင်ကြောင့် မြင်တွေ့နေရသည်။ မိန်းမသားတစ်ဦးဖြစ်သည်ကို သိသော်လည်း မည်သူမည်ဝါမှန်းတော့ မပြောနိုင်ကြ။

"မနှင်းနွယ် ... မနှင်းနွယ်"

ခေါ်သံကြားတော့မှ သည်အရပ်ထဲတွင် နေသွား



www.burmeseclassic.com

www.burmeseclassic.com



သည့် မဇာခြည်ဖြစ်ကြောင်းကို သိလိုက်ရသည်။ ယခု မဇာ ခြည်က သည်ရပ်ကွက်ထဲမှ အခြားအပိုင်းတွင် အိမ်ငှားနေ သည်။ သို့ပေမယ့် မူလနေခဲ့သော အိမ်အနီးမှခင်မင်ခဲ့သော သူများထံသို့ ရက်ခြားဆိုသလို ရောက်လာတတ်သည့် ... မိန်းကလေး။

"ဟဲ့ ... ဇာခြည် ... ဘာလဲဟဲ့"

မနှင်းနွယ်က အိမ်ပေါ်မှ ပြန်မေးသည်။

"ကျွန်မယောက်ျား ကိုအောင်နိုင် အစ်မ တို့အိမ်ဘက်ကို လာသွားသေးလား"

"ည (၇) နာရီခွဲအချိန်လောက်ကလာပြီး ငါနဲ့ စကားပြောသွားသေးတယ်၊ သူ့အလုပ်က ကြိုတင်ငွေတစ်သောင်းခွဲ ရလာတယ်ပြောတာပဲ"

"ဟုတ်တယ် .. ညနေ (၆) နာရီလောက် က သူပြန်လာတာ၊ အလုပ်ကရလာတဲ့ ကြိုတင် ငွေကို ကျွန်မကို အကုန်ပေးပြီး ငွေတစ်ထောင် ပြန်ယူသွားတယ်၊ သူ့အဖေနဲ့အမေဆီကို သွား မယ်၊ အရက်သောက်ပြီးမှ ပြန်လာမယ်ပြောသွား





တယ်"

"ဟင် ... ညည်းယောက်ျား ငါ့ဆီကို လာတော့ အရက်မူးနေပြီ၊ အရက်ရှိန်လေးရလာပြီ ဆိုတော့ ပြောလိုက်တဲ့စကားတွေ ... ငါက သူ ပြောတဲ့စကားတွေ နားထောင်ပြီး ရယ်နေရတယ်"

"ကိုအောင်နိုင် အစ်မအိမ်က ဘယ် အချိန့် ပြန်သွားသလဲ"

"အင်း ... ည (၈) နာရီခွဲလောက်က ဟဲ့"

"ကျွန်မ သူ့အမေတွေဆီကိုလည်း ရောက်ခဲ့ပြီးပြီ၊ ဒီည မလာဘူးတဲ့"

"ညည်းယောက်ျား ငါ့အိမ်ကအပြန်မှာ အပေါင်းအသင်းတွေနဲ့ တွေ့ပြီး အရက်ဆိုင်ကို ပါသွားသလား"

"မပြောတတ်ပါဘူး အစ်မရယ် ... ကျွန်မက သူနဲ့အတူထမင်းစားမလို့ စောင့်နေတာ၊ အိမ်ပြန်မလာသေးလို့ လိုက်ရှာနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သောက်ကောင် ... ငါ့ကိုပြောသွား
တော့ အသောက်အစားလျှော့မှဖြစ်တော့မယ်တဲ့
... ညည်းမှာ ... ဟို ... ဟို ... အေး ... အဲဒါ
ကြောင့်တဲ့၊ သိပ်မိုးချုပ်နေပြီ ... အိမ်ပြန်တော့၊
သူ့ကို ထမင်းစားစောင့်မနေနဲ့၊ ကိုယ့်ဘာသာစား၊
အရက်ထပ်သောက်လာရင် ထမင်းစားမှာမဟုတ်
တော့ဘူး၊ ငါ့ယောက်ျားလည်း ညနေကတည်းက
ဆိုင်ကိုထွက်သွားတာ ပြန်မလာသေးဘူးဟဲ့"

"ညီမ သွားတော့မယ်နော်"

"ဩော် ... အေး ... အိမ်ပြန်လာရင်
လည်း ရန်ဖြစ်မနေကြနဲ့ဦး"

"ဟုတ်ကဲ့ ... အစ်မ"

မဇာခြည်က ဖယောင်းတိုင်မီးအလင်းရောင်ဖြင့် ပြန်
သွားသည်။

"ကျွတ် ... ကောင်မလေး သနားပါ
တယ်၊ ဟိုကောင် အောင်နိုင် ဘယ်သွားနေသလဲ
မသိဘူး ... ဟင်း"





မနှင်းနွယ်က ညည်းညူရင်း ကြမ်းပြင်ပေါ်သို့ ထိုင်ချ
လိုက်၏။

⁂



www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးအောင်က ညစာစားပြီးသည်နှင့် ဆေးလိပ်ကြိုး ဖွာရှိုက်နေသည်။ ဒေါ်တင်အေးက စားပြီးသားပန်းကန်များကို နောက်ဖေးအဆင့်တွင်တိုင်ကာ ဆေးကြောနေသည်။ ဦးဖိုးအောင်နှင့် ဒေါ်တင်အေးတို့လင်မယားက လယ်ကွင်းထဲတွင် တဲအိမ်ဆောက်၍နေကြ၏။ ယခင်က မနှင်းနွယ်တို့ အိမ်အနီးမှ ခြံထဲတွင် တဲအိမ်ဆောက်ပြီးနေခဲ့သည်။ ခြံဝင်းက ကိုယ်ပိုင်မဟုတ်။

ပြီးခဲ့သည့် (၃) လခန့်က ခြံရှင်က ဖယ်ခိုင်းသဖြင့် လယ်ကွင်းထဲသို့ ရောက်လာရသည်။ လယ်ကွင်းထဲမှာ သူတို့





တဲအိမ်တစ်လုံးတည်းသာ ရှိသည်။ အရပ်ထဲလို မဟုတ်။ အချိန်တိုင်း တိတ်ဆိတ်ငြိမ်သက်နေသည်။ သူတို့နေထိုင်သော တဲအိမ်နှင့်မလှမ်းမကမ်းတွင် ကျေးရွာများသို့သွားသည့် မြေနီလမ်းကလေးရှိ၏။

"ကိုဖိုးအောင်"

ဒေါ်တင်တင်အေးက ပန်းကန်ဆေးနေရင်းမှ လှမ်းခေါ်သည်။

"ဘာလဲဟ"

"ရှင့်သားအောင်နိုင် အရက်မူးလာပြီထင်တယ်၊ လှမ်းခေါ်နေသံ ကြားတယ်"

ဒေါ်တင်အေးစကားကြောင့် ဦးဖိုးအောင်က နားစွင့်နေ၏။ အချိန်အတော်ကြာသည့်တိုင်အောင် ဘာသံမှမကြားရ။

"ဟဲ့ ... ဘာခေါ်သံမှလည်း မကြားရပါဘူး"

"ရှင့်နားတွေ လေးသွားပြီထင်တယ်၊ နောက်ဖေးမှာနေတဲ့ ကျွန်မက ကြားတယ်၊ ရှင်က



www.burmeseclassic.com

www.burmeseclassic.com



မကြားဘူး''

''မင်းစိတ်ထင်လို့နေပါလိမ့်မယ်၊ ငါတော့ ဘာမှမကြားမိဘူး''

ဒေါ်တင်အေးက အိမ်ရှေ့သို့ ထွက်လာသည်။

''ရှင့်သားအောင်နိုင်က သူ့မယားဇာခြည် ဒီကိုလာတယ်ထင်ပြီး ဇာခြည် ... ဇာခြည် ... လို့ ကုန်းအော်နေတာ''

''ဒီမိန်းမနှယ် ... ခက်လိုက်တာ ... ဘာအော်သံမှ မကြားရပါဘူးဆို''

ဒေါ်တင်အေးက ဦးစိုးအောင်ကို မနှစ်မြို့သည့် မျက်နှာဖြင့် ကြည့်သည်။

''အမေရေ''

ဆိုသည့် ခေါ်သံကို ပီပီသသကြားလိုက်ရ၏။ အလှမ်းမဝေးသောနေရာမှ ခေါ်ခြင်းဖြစ်သည်။ မိန်းကလေး တစ်ဦး၏ အသံ။ ဒေါ်တင်အေး၏ချွေးမ မဇာခြည်၏ခေါ်သံ။

''ဟော့ သမီးဇာခြည် ... လာလေ''

ဒေါ်တင်အေးက အသံပြုလိုက်သည်။ မဇာခြည်က





တဲအိမ်ပေါ်သို့ တက်လာသည်။

''အမေတို့ဆီကို အမေ့သား မလာဘူး လား''

''ဟော့အေး မလာဘူးဟဲ့ ... စောစော ကတော့ နင့်ယောကျ်ားရဲ့ခေါ်သံလိုလို ကြားမိလို့ နင့်အဖေနဲ့ စကားများရသေးတယ်''

''ညနေက အလုပ်ကပြန်လာတာ စော ပါတယ်၊ ကိုတင်ငွေရလာလို့ သမီးကိုပေးပြီး အရက်သွားသောက်တာ၊ မနှင်းနွယ်တို့အိမ်ကို ဝင်ပြီး စကားဝင်ပြောသေးသတဲ့၊ ည (၈) နာရီခွဲ လောက်မှ အဲဒီအိမ်က ပြန်သွားတာတဲ့ ... သမီး က အမေတို့ဆီများ လာသလားဆိုပြီး လိုက်လာ တာ''

''ကျွတ် ... ကောင်လေးကလည်း အရက်သောက်ပြီး ဘယ်တွေများ သွားနေသလဲ မသိဘူး၊ ဒီကို သမီးလာနေတုန်း သားက အိမ်ပြန် ရောက်နေသလားမသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့အဖေတို့ ထမင်းစားပြီးကြပြီလား"

"အေး . . . စားပြီးပြီ၊ သားကြီးကို အမေတို့ဆီ လွှတ်လိုက်ဦး၊ ဒီကောင်လေးကို ပြောဦးမှပါပဲ"

"သမီးသွားမယ်အမေ"

မဇာခြည်က ဒေါ်တင်အေးကို နှုတ်ဆက်ပြီး ပြန်သွားသည်။

သူ့ယောက်ျားကိုအောင်နိုင်နှင့်အတူ အရက်သောက်တတ်သည့်သူများ၏အိမ်များသို့ မဇာခြည်က သွားမေးသည်။

"ညဦးပိုင်းက ငါတို့နဲ့ အရက်အတူတူ သောက်ကြတယ်လေ၊ အောင်နိုင် အိမ်ကို ပြန်မရောက်သေးတာ အံ့သြစရာပဲ"

"ကျွန်မ ပြန်တော့မယ် ကိုစိုးကြည်"

"လိုက်ရှာမနေနဲ့တော့၊ အချိန်တန်ရင် အိမ်ပြန်လာပါလိမ့်မယ်"





မဇာခြည်က အိမ်သို့ပြန်လာခဲ့သည်။ သားဖြစ်သူက ခြေရင်းအိမ်မှ ကိုခင်မောင်စိုး၏အိမ်ပေါ်တွင် အိပ်ပျော်နေသည်။

မဇာခြည်က အိပ်ပျော်နေသောသားဖြစ်သူကို ပွေ့ချီပြီး အိမ်ပေါ်သို့ တက်လာခဲ့၏။

မီးကင်းတဲဆီမှ သံချောင်းခေါက်သံ (၁၁) ချက်ကို ကြားလိုက်ရသည်။

မဇာခြည်သည် ခင်ပွန်းသည်ကို ဒေါသဖြစ်နေသောကြောင့် ညစာစားချင်စိတ်လည်း မရှိတော့၊ မျက်စိကို စုံမှိတ်ထားလိုက်သည်။ ပင်ပန်းနွမ်းနယ်နေမှုကြောင့် အိပ်ပျော်သွားသည်။ မဇာခြည် တစ်ရေးနိုးတော့ သူ့ခင်ပွန်း ပြန်ရောက်နေပြီဟုထင်ကာ ဘေးမှနေရာအား လက်ဖြင့်စမ်းကြည့်သည်။

"ဟင်"

သူ့ခင်ပွန်းပြန်မရောက်သေးသဖြင့် အံ့ကြိတ်ထားလိုက်မိ၏။

သူ့ခင်ပွန်းက ညဥ့်နက်သန်းခေါင် လျှောက်သည်



www.burmeseclassic.com

www.burmeseclassic.com



နေတတ်သည့်လူစားမျိုး မဟုတ်။ ယနေ့ညမှာ အသွင်ထူးနေသဖြင့် ပို၍ဒေါသဖြစ်နေမိသည်။ မဇာခြည်သည် ဟိုသည်တွေးရင်း အိပ်ပျော်သွားလေ၏။

*

ဒေါ်ဘိုမက အိပ်ရာမှနိုးသည်နှင့် မျက်နှာသစ်ရန်အတွက် ကျောက်စည်ပိုင်းအနီးသို့ လာခဲ့၏။ ဖုံးအုပ်ထားသောသွပ်ပြားကို လှန်လိုက်သည်။

"ဟင် ... မောင်သန်းတို့ကလည်း အရက်မူးမူးနဲ့ ပြန်လာပြီး ရေချိုးထားလိုက်တာ ကျောက်စည်ထဲမှာ ရေမရှိတော့ဘူး၊ ဒီမနက်အိပ်ရာက စောစောထပြီး ရေခပ်ထားမယ်လို့ကို စိတ်မကူးဘူး၊ အလကား ... အသုံးမကျတဲ့ သားသမီးတွေ၊ လူပျို၊ အပျိုရွယ်ရောက်နေတာ



လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင် မအေးက အကုန်လိုက်လုပ်ပေးနေရတယ်''

ဒေါ်ဘိုမက တဖျစ်တောက်တောက်နှင့် ပြောဆိုနေသည်။

''ဟဲ့ ... မောင်သန်း၊ ဇင်သီယာ၊ မေဇော်ထွန်းတို့ ... အိပ်ရာက ထကြတော့လေ၊ မနက်တိုင်း အိပ်ရာနိုးနေရတာ နင်တို့ မဟုတ်သေးပါဘူး၊ မိခင်ကို ဥစ္စာရကောင်းမှန်းမသိတဲ့ သားသမီးတွေ၊ နင်တို့တွေ အိမ်ထောင်ရက်သားကျမှ ဒုက္ခလှလှကြီးတွေ့ကြမယ်၊ ဟဲ့ ... အိပ်ရာက ထကြ၊ ပြောရတာ မောပါတယ်''

ဒေါ်ဘိုမက ကြိုးချည်ထားသော ပလတ်စတစ်ရေပုံးကို ယူပြီး ခေါင်းရင်းမှ ရေတွင်းသို့လာခဲ့၏။ သည်အရပ်ဒေသတွင် မြေကြီးကိုတူးဖော်ထားသည့်ရေတွင်းများကိုသာ အသုံးများကြ၏။ တွင်းထဲမှရေကို ရေပုံးကြိုးဖြင့် ငင်ရသည်။ ဒေါ်ဘိုမသည် ပလတ်စတစ်ရေပုံးကို ရေတွင်းထဲသို့ချရန် ပြင်လိုက်၏။





ဒေါ်ဘိုမနှုတ်မှ လန့်၍အော်မိလိုက်သည်။

''အမေ ... ဘာဖြစ်လို့လဲ''

သားဖြစ်သူ မောင်သန်းက လှမ်း၍မေးသည်။

''ရေ ... ရေတွင်းထဲ ... ထဲမှာ ... ဟို ... ဟို''

ဒေါ်ဘိုမက ရေတွင်းအနီးမှ နောက်ဆုတ်လာသည်။ ရေတွင်းကို လက်ညှိုးထိုးပြရင်း အသံတွေက တုန်ယင်နေသည်။ မောင်သန်းက ဒေါ်ဘိုမ၏အနီးသို့ ပြေးလာသည်။

''အမေက ဘာဖြစ်နေတာလဲ''

''ဟို ... ဟို ... ရေတွင်းထဲမှာ လူတစ်ယောက် ကားယားကြီး ...''

''ဟင်''

မောင်သန်းက ရေတွင်းထဲသို့ ငုံ့ကြည့်သည်။

''အောင်မလေးဗျ''

မောင်သန်းသည် နောက်ဆုတ်ပြီး ပြေးလာ၏။

''ဟုတ်တယ် အမေ ... ရေတွင်းထဲကို လူကျပြီး သေနေတာ၊ ဘယ်သူလဲ မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းက အရပ်ထဲမှလူများကိုခေါ်၍ပြသည်။ ရပ်ကွက်လူကြီးများက ရဲစခန်းသို့ အကြောင်းကြားသည်။

"ဒေါ်ဘိုမခေါင်းရင်းက ရေတွင်းထဲမှာ လူတစ်ယောက် ကျပြီးသေနေတယ်"

ဆိုသည့်သတင်းက တစ်ရပ်ကွက်လုံးသို့ ပျံ့နှံ့သွားသည်။ ရေတွင်းထဲသို့ လာကြည့်သူတွေ မနည်း။ ရေပေါ်တွင် မှောက်လျက်ပေါ်နေသည်။ ဦးခေါင်းက ရေထဲတွင် နစ်မြှုပ်ပိနေသဖြင့် သေဆုံးသူသည် မည်သူမည်ဝါဖြစ်သည်ကို မသိနိုင်ကြသေး။

အိမ်နီးချင်းများ၏ ဆူဆူညံညံစကားပြောသံများကြောင့် မဇာခြည် အိပ်ရာမှနိုးလာသည်။ နားစွင့်ကြည့်လိုက်တော့ အရပ်ထဲက ဒေါ်ဘိုမအိမ်ခေါင်းရင်းက ရေတွင်းထဲမှာ လူတစ်ယောက် ကျသေနေလို့တဲ့။ ဒေါ်ဘိုမ အသုံးပြုနေသည့်ရေတွင်းက ရေတွင်းပတ်လည်မှာ ဘာအကာအရံမှ မရှိ။

ကန်ပေါင်အစပ်တွင် သစ်သားပြားနှစ်ပြားခင်းထားသည်။ ထိုကန်ပေါင်အစပ်မှာနေ၍ ရေပုံးကြိုးဖြင့် ရေတင်နေ





သည်ကို မဇာခြည်တွေ့ဖူးသည်။ ထိုရေတွင်းဘေးတွင် အရပ်ထဲသို့သွားသော ဖြတ်လမ်းလေးရှိ၏။ ကလေးသူငယ်များ ပြေးလွှားရင်း ရေတွင်းထဲသို့ကျသွားနိုင်သည်ကို သိလျက်နှင့် ဒေါ်ဘိုမက ရေတွင်းကို ပတ်လည်မှကာရံမထားသဖြင့် လူတိုင်းက အပြစ်တင်နေကြသည်ကို ဂရုမစိုက်သည့်မိန်းမကြီး။

ယခုတော့ လူတစ်ယောက် ရေတွင်းထဲသို့ကျပြီး သေရရှာပြီ။ မဇာခြည်သည် မဆီမဆိုင်တွေးနေရင်းက သူ့ခင်ပွန်း ကိုအောင်နိုင်ကို သတိရသွားသည်။

ညက ကိုအောင်နိုင် အိမ်သို့ပြန်မလာ။

မဇာခြည်သည် အိပ်ရာမှ လူးလဲထသည်။ ဒေါ်ဘိုမ၏ခေါင်းရင်းမှ ရေတွင်းရှိရာသို့ တစ်ဟုန်ထိုးပြေးသွားသည်။ ရေတွင်းထဲသို့ ငုံ့ကြည့်နေသူများအကြားသို့ တိုးဝင်ပြီး ကြည့်လိုက်မိသည်။

"ဟာ ... ကိုအောင်နိုင်"

မဇာခြည်က အော်ဟစ်ပြီးငိုသည်။

"ဟဲ့ ... ဇာခြည် ... သေချာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သေ ... သေချာပါတယ်၊ သူ မနေ့က ဝတ်သွားတဲ့ အဝတ်အစားကြီးနဲ့ ... အောင်မလေး ... အသေဆိုးလှချည်လား ကိုအောင်နိုင်ရဲ့"

"ဟဲ့ ... ဟဲ့ ... ဇာခြည်"

မဇာခြည်မှာ အော်ဟစ်ငိုရင်း သတိမေ့မြောသွားသည်။ အရပ်ထဲမှ မိန်းမများက ဝိုင်းဝန်းပြုစုပေးနေကြသည်။

"မမဇာခြည်က ဘာဖြစ်နေတာလဲ"

အောင်နိုင်၏ညီ နီတိုးက သတင်းကြားသဖြင့် ရေတွင်းနားသို့ရောက်လာပြီး မေးသည်။ သူ့အစ်ကို ရေနစ်သေမှန်း မသိသေး။

"ရေတွင်းထဲကျသေနေတာ မင်းအစ်ကို၊ မင်းအဖေနဲ့ မင်းအမေသိအောင် သွားပြောလိုက်ဦး"

"ဗျာ"

နီတိုး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကြောင်အမ်းအမ်းနှင့် ရပ်နေသည်။





"ဟော့ကောင်နီတိုး ... သွားပြောလိုက်ဦးလေ"

"ဟုတ် ... ဟုတ်ကဲ့"

နီတိုးက လယ်ကွင်းထဲသို့ပြေးသည်။ မော်ဘီရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ ရေတွင်းထဲမှ အောင်နိုင်၏အလောင်းကို အပေါ်သို့ဆွဲတင်သည်။ ရေတွင်းနံရံမြေသားများ၌ ကုတ်ခြစ်ရာများစွာ တွေ့ရသည်။ ရဲတပ်ဖွဲ့ဝင်များက ဒေါ်ဘိုမကို စစ်ဆေးမေးမြန်းသည်။

"မိုးချုပ်စပ်အချိန်ကတည်းက ကျွန်မယောက်ျားရဲ့ညီအိမ်မှာ တီဗွီသွားကြည့်နေတာ ည (၁၀) နာရီခွဲမှ အိမ်ကို ပြန်ရောက်ပါတယ်"

ဒေါ်ဘိုမက ကြောက်ကြောက်လန့်လန့်နှင့် ဖြေသည်။ ရဲတပ်ဖွဲ့ဝင်များက အရပ်သားများကို မေးမြန်းသည်။

"ည (၈) နာရီခွဲလောက်က မားကြီး ... မားကြီးဆိုတဲ့ အော်သံလိုလိုတော့ ကြားမိကြတယ်၊ မကြာခဏရန်ဖြစ်နေကျဆိုတော့ ရန်ဖြစ်နေကြတယ်ပဲ ထင်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ ရေတွင်းထဲကျပြီး ပြန်ပေါ်လာချိန်မှ အော်ဟစ်အကူအညီတောင်းလိမ့်မယ်၊ မှောင်မိုက်ထဲမှာ ကြောက်အားလန့်အားနဲ့ ရေတွင်းနံရံကို ကုတ်ဖွဲ့တက်နေမယ်၊ သူအော်နေတာကို ဘယ်သူမှကရုမထားတော့ ခြေကုန်လက်ပန်းကျပြီး ရေနစ်သေဆုံးသွားရတာပဲလို့ မှတ်ချက်ချရမှာပဲ"

"အောင်မလေး သားကြီးရဲ့ ... အဖြစ်ဆိုးလှချည်လားကွယ့် ... အဟီးဟီး"

ဒေါ်တင်အေးက ရင်ဘတ်ကိုထုပြီးငိုသည်။ သားဖြစ်သူ၏အလောင်းကိုကြည့်ပြီး ယူကျုံးမရဖြစ်နေသည်။ ဦးဖိုးအောင်က ပါးပြင်မှမျက်ရည်များကို သုတ်သည်။ မြင်ရသူတိုင်းအတွက် စိတ်မကောင်းဖြစ်စေသောမြင်ကွင်းတစ်ခုပင်။

ရဲတပ်ဖွဲ့ဝင်များက အောင်နိုင်၏အလောင်းကို မော်ဘီဆေးရုံသို့ သယ်ဆောင်သွားကြသည်။

❊



အောင်နိုင်၏အလောင်းကို အနောက်ပိုင်းသုသာန်မှာပင် သင်္ဂြိုဟ်လိုက်ကြသည်။ မဇာခြည်မှာ အရူးတစ်ပိုင်းပမာ ဖြစ်နေသည်။ ငိုထားလွန်းသဖြင့် မျက်ခွံများ မို့အစ်နေသည်။ အောင်နိုင်သေသွားတော့မှ မဇာခြည်တွင် ကိုယ်ဝန်သုံးလလွယ်ထားရသည်ကို သိလာရသည်။

အသုဘကိစ္စအထကို အရပ်သူအရပ်သားများက ကူညီဆောင်ရွက်ပေးကြသည်။ နဂိုက စကားနည်းသောဦးဖိုးအောင်မှာ သားဖြစ်သူသေဆုံးသွားသဖြင့် စိတ်မကောင်းဖြစ်ပြီး ဆေးလိပ်ကိုသာ တွင်တွင်ဖွာရင်း ငေးငိုင်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါ်တင်အေး အော်ဟစ်ရင်း မေ့မြောသွားသဖြင့် အိပ်ဆေးများ တိုက်ထားရသည်။ ဒေါ်တင်အေးသည် တဲအိမ်အတွင်း အခန်းထဲတွင် အိပ်ပျော်နေရှာလေ၏။ ထိုအချိန်တွင် . . .

"အမေ"

"ဟင် . . . သား . . . အောင်နိုင်"

"အမေ . . . ကျွန်တော် ညက မနှင်းနွယ်နဲ့ စကားပြောပြီး အိမ်ပြန်လာခဲ့တာ၊ ဒီလမ်းက အိမ်ပြန်နေကျဆိုတာ အမေအသိပဲမဟုတ်လား၊ ကျွန်တော် ရေတွင်းနားက ဖြတ်လျှောက်လာတော့ ရေတွင်းထဲက မည်းမည်းကောင်ကြီးက ကျွန်တော့်ကို အတင်းလက်ဆွဲပြီး ရေတွင်းထဲခုန်ချတာ၊ ကျွန်တော်က ဇာခြည် . . . ဇာခြည် . . . လို့ ခေါ်တယ်၊ ရေထဲက အပေါ်ရောက်အောင် တွင်းကို ကုတ်ဖဲ့တက်နေတာ၊ မည်းမည်းကောင်ကြီးက ကျွန်တော့်ခြေထောက်ကိုဆွဲပြီး ရေနစ်သတ်လိုက်





တာ၊ အမေရယ် . . . ဇာခြည့်ကို ဂရုစိုက်ပါ၊ ဇာခြည့်ကို ကျွန်တော် စိတ်မချဘူး၊ ကျွန်တော်သွားမယ်အမေ"

"သား . . . နင် ဘယ်သွားမှာလဲ . . . သား . . . သား"

ဒေါ်တင်အေးက အိပ်ပျော်နေရင်းမှအော်နေသည်။

"အမေ . . . ဘာဖြစ်နေတာလဲ"

မဇာခြည်က ဒေါ်တင်အေးကို လှုပ်နိုးရင်းမေးသည်။

"သမီး ဇာခြည် . . . သား . . . သား"

ဒေါ်တင်အေးက အိပ်မက်အကြောင်းကို ပြောပြသည်။ ကြားရသူအားလုံးက အံ့သြသွားကြသည်။

"အင်း . . . ဟိုးလွန်ခဲ့တဲ့ငါးနှစ်ခန့်က ဒေါ်ဘိုမရေတွင်းမှာ လူတစ်ယောက်ကျပြီး သေခဲ့ဖူးတာပဲ၊ အဲဒီသရဲက အောင်နိုင့်ကို ရေတွင်းထဲ ဆွဲခေါ်သွားပြီး ရေနစ်သတ်တာဖြစ်ရမယ်"

အောင်နိုင် ရေတွင်းထဲသို့ကျ၍ သေဆုံးရခြင်းကို ထင်ကြေးအမျိုးမျိုးဖြင့် ပြောဆိုနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဇာခြည့်မှာ ကိုယ်ဝန်သုံးလလွယ်ထားရတာကို အောင်နိုင်ကသိသွားတော့ ကျွတ်မှာမဟုတ်ဘူး"

အောင်နိုင့်အသုဘရက်လည်ဆွမ်းသွတ်ပြီးတော့ ဇာခြည်က ယောက္ခမများအိမ်သို့ လိုက်နေသည်။ အရပ်ထဲသို့ပင် မလာ။ အရပ်ထဲရောက်၍ ဒေါ်ဘိုမရေတွင်းကိုမြင်လျှင် ရင်ထဲတွင် ဆို့နင့်စွာခံစားရသည်ဟု မဇာခြည်က အရပ်သူများကို ပြောပြသည်။

လူသေသည့်ရေတွင်းကို မြေဖို့ပစ်ရန် အရပ်သားများက ဒေါ်ဘိုမကိုပြောသည်။ ဒေါ်ဘိုမက တစ်တွင်းလုံးပြည့်အောင် မြေမဖို့။ သည်တော့ ...

တစ်ည ဒေါ်ဘိုမသည် ဝမ်းထဲက ရစ်နာလာသဖြင့် ဖယောင်းတိုင်ဖြင့် ရေအိမ်သို့သွားသည်။ အချိန်က ညဉ့်နက်နေလေပြီ။ အရပ်ထဲကလူတွေ အိပ်မောကျနေသဖြင့် တစ်ရပ်ကွက်လုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ဒေါ်ဘိုမ ရေအိမ်တက်နေစဉ် ...

'ဗွမ်း'





ရေတွင်းထဲမှ လှုပ်ရှားသံများကို ကြားလိုက်ရသည်။ ရေထဲတွင် ရုန်းကန်နေသည့်အသံများက ထင်ထင်ရှားရှား။

"မာကြည် ... မာကြည်"

ရေတွင်းထဲတွင် ပဲ့တင်ရိုက်၍တက်လာသည့်အသံကြောင့် ဒေါ်ဘိုမ ကြက်သီးထသွားသည်။ ရေတွင်းထဲကျသေသည့် အောင်နိုင့်ကို သတိရသွား၏။ ရေအိမ်ကို ဆက်မတက်ဝံ့တော့ဘဲ သန့်ရှင်းရေးလုပ်ကာ အိမ်ပေါ်သို့ ပြေးတက်လာသည်။ သူ့သားသမီးများက အိပ်မောကျနေကြ၏။

"ဟဲ့ ... မောင်သန်း ထစမ်း"

ဒေါ်ဘိုမက သူ့သားကို လှုပ်နိုးသည်။

"ဘာလဲအမေရာ ... ဘာဖြစ်နေတာလဲ"

"ရေတွင်းထဲက အသံတွေကြားရလို့"

"အမေ စိတ်ထင်လို့နေမှာပါ"

"နင်က အရက်မူးပြီးအိပ်နေတာ ... ဘာသိမှာလဲ"

"မသိဘူး အမေရာ ... အိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘိုမသည် အိပ်ရာထဲသို့ ပြန်ဝင်လာမိသော်လည်း အိပ်မပျော်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တုန်ယင်နေသည်။

⁕



"အမေ"

"ဟင် . . . သား . . . အောင်နိုင် . . . မင်း . . . မင်း . . ."

"ဟုတ်တယ် အမေ . . . သားမှာ ဝတ်စရာအဝတ်အစား မရှိဘူး"

"သား အခုဘယ်မှာနေသလဲ"

"ကျွန်တော် . . . အမေတို့ခေါင်းရင်းက မဲဇလီပင်မှာ နေတယ်"

"အမေတို့အိမ်ပေါ်မှာ လာနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့အိမ်ပေါ်က အစောင့်အရှောက်တွေက ကျွန်တော့်ကို နေခွင့်မပေးဘူး"

"သား ... သား"

ဒေါ်တင်အေးက လန့်အော်ပြီး အိပ်ရာမှနိုးသွားသည်။

"ဟဲ့ ... မတင်အေး ... ဘာဖြစ်တာလဲ"

"အိပ်မက်မက်နေတာ ... သား ... အောင်နိုင်"

ဒေါ်တင်အေးက အိပ်မက်အကြောင်းကို ဦးဖိုးအောင်အား ပြောပြ၏။

"နင့်သားက လူ့ဘဝတုန်းက ဘာကုသိုလ်ကောင်းမှုမှ လုပ်ခဲ့တာမဟုတ်ဘူး၊ မူးယစ်သောက်စားနေခဲ့တာ၊ သေတော့ အသေဆိုးနဲ့၊ မကျွတ်လွတ်သေတဲ့ဘဝနဲ့ နေရတယ်၊ အဝတ်အစားမရှိရှာဘူးဆိုတော့ အင်း ... အနောက်ကျောင်းဆရာတော်ကို မေးလျှောက်ကြည့်ပြီး





ဆွမ်းသွတ်တရားနာအမျှအတန်း ပေးဝေဦးမှ ဖြစ်မယ်"

"ဟုတ်တယ် ကိုဖိုးအောင်"

*



www.burmeseclassic.com

www.burmeseclassic.com

မဇာခြည်က သားယောကျ်ားလေး မွေးဖွားသည်။ ဒေါ်တင်အေးမှာ ချွေးမအတွက် စိတ်ပူပန်နေရာမှ စိတ်အေးသွားရသည်။ မဇာခြည် ဝမ်းနာချိန်မှ မွေးဖွားပြီးသည်အထိ အလုပ်များနေရသည်။

ချွေးမက မြေးယောကျ်ားလေးမွေးတော့ သားဖြစ်သူကို သတိရပြီး ကျိတ်ငိုမိသည်။

မဇာခြည် ပင်ပန်းနွမ်းနယ်နေမှုကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

"ဇာခြည်"



"ဟင် ... ကိုအောင်နိုင်"

"နင့်ကိုစိတ်မချလို့ ဘယ်မှမသွားတာ၊ နင်လည်း မွေးဖွားပြီးပြီဆိုတော့ ငါ စိတ်အေးသွားပြီ၊ အဖေတို့အမေတို့က ငါ့ကိုရည်စူးပြီး သင်္ကန်းကပ်လှူဆွမ်းသွတ်ပေးလို့ ငါ အဝတ်အစားတွေ ဝတ်ရပြီ၊ အမျှအတန်းပေးဝေတာလည်း ရတယ်၊ အဲဒါကြောင့် ငါသွားတော့မယ်"

"ရှင်က ဘယ်ကိုသွားမှာလဲ"

'ဝုန်း'

ဒေါ်တင်အေးအိမ်ခေါင်းရင်းမှ မဲဇာလီပင်အကိုင်းက လေကြမ်းမတိုက်ပါဘဲ အိမ်ပေါ်သို့ ကျိုးကျသည်။ ဆူညံသံကြောင့် ဇာခြည်နိုးသွားသည်။ အိပ်မက်ကို သတိရနေသည်။ ကိုအောင်နိုင်သည် အိပ်မက်ပေး၍ သူ့ကို နှုတ်ဆက်သွားမှန်း သိလိုက်ရသည်။

"ကိုအောင်နိုင်ရေ ... အမျှ အမျှ အမျှ ... သာဓု သာဓု သာဓု ... ကောင်းရာဘုံဘဝကို ရောက်ပါစေ"

လင်းမြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဇာခြည်က တီးတိုးရေရွတ်သည်။ ခံစားမှုကြောင့် မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ ယိုစီးကျလာသည်။ ရင်ထဲမှ ရှိုက်သံများသည် လှိုင်းထန်နေတော့၏။

❋ ❋ ❋

လင်းမြတ်စာပေ



www.burmeseclassic.com

www.burmeseclassic.com

# သေရွာပြန်၏တံခါးခေါက်သံ

'ဒုန်း ‥ ဒုန်း ‥ ဒုန်း'

"ဟော့ကောင် ထွန်းမောင် တံခါးဖွင့်ပါဦး"

အိမ်အပြင်ဘက်မှ တံခါးကို တဒုန်းဒုန်းထုနေသံကြောင့် အိမ်ရှင်ကိုထွန်းမောင်တို့လင်မယားသည် အိပ်ပျော်နေရာမှ လန့်နိုးသွား၏။

"ထွန်းမောင် … ငါ တင်အေးပါကွ … တံခါးဖွင့်ပေးပါဦး"

ကိုထွန်းမောင်က အိပ်ရာထဲမှထွက်၍ မီးခွက်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ညှိလိုက်သည်။ ထို့နောက် အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်။ အပြင်ကလူက ကိုထွန်းမောင်၏ပခုံးကို လှမ်းဖက်လိုက်၏။

"ဟင် ... တင်အေး"

ကိုတင်အေးက တံခါးရွက်ပေါင်ကို အားပြုပြီး အိမ်ထဲသို့ ဒယီးဒယိုင် ဝင်လာသည်။ ကိုထွန်းမောင်က လက်ထဲတွင် ကိုင်ထားသော ရေနံဆီမီးခွက်ကို ကြမ်းပြင်ပေါ်သို့ ချလိုက်၏။ ကိုတင်အေးသည် မျက်စိကို စုံမှိတ်ထားရင်းမှ ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဟာ ... တင်အေး ... မင်းတစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ပါလား၊ ဘာဖြစ်လာတာလဲကွာ"

ကိုထွန်းမောင်က ကိုတင်အေး၏ပခုံးကို ကိုင်ထားရင်းမှ မေးသည်။

"ငါ မင်းရဲ့အိမ်က ပြန်သွားပြီး လမ်းမှာ လူသုံးယောက်က ဓားတွေ, တုတ်တွေနဲ့ ခုတ်ကြရိုက်ကြတာ၊ ငါသတိမေ့မြောသွားတယ်၊ အခု သတိပြန်ရလာလို့ မင်းဆီကိုလာတာ ဒဏ်ရာတွေ





က အရမ်းနာကျင်နေတာပဲကွာ၊ ငါ့ကို ကူညီပါဦး သူငယ်ချင်းရယ်"

ကိုတင်အေးက ပြောနေရင်းမှ ကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်။ ထွန်းမောင်က အိမ်ထဲသို့ ပြေးဝင်သွားသည်။ ဆေးပုလင်းများကိုယူ၍ အပြင်သို့ပြန်ထွက်လာသည်။ ကိုတင်အေးက ညည်းညူနေ၏။

"ဟင်"

ကြမ်းပြင်ပေါ်တွင် လှဲအိပ်နေသော ကိုတင်အေးကို မတွေ့ရတော့။ ထွန်းမောင်၏စိတ်တွင် ဇဝေဇဝါဖြစ်သွားသည်။

"ငါ့ဆီကို တင်အေးပြန်လာတာ အသေအချာပါ၊ ဘယ်လိုဖြစ်တာပါလိမ့်"

ထွန်းမောင်က အိပ်ရာထဲသို့ ပြန်ဝင်လာခဲ့သည်။ ထွန်းမောင်၏မိန်းမ ရင်ကြွေက နှစ်ခြိုက်စွာဖြင့် အိပ်မောကျနေ၏။ ထွန်းမောင် ရင်တွေခုန်နေသည်။ အိပ်ပျော်သွားအောင်ကြိုးစားပေမယ့် မရ။

'ဒေါက် .. ဒေါက် .. ဒေါက်'



www.burmeseclassic.com

www.burmeseclassic.com



ဟော ... တံခါးခေါက်သံကိုကြားရပြန်ပြီ။

ထွန်းမောင်သည် အိမ်ရှေ့သို့လာပြီး တံခါးပေါက်ကို ဖွင့်ပေးလိုက်၏။

"ဟင်"

အိမ်ရှေ့တံခါးပေါက်ဝတွင် အရိပ်မည်းမည်းကြီး ရပ်နေသည်ကို မြင်တွေ့လိုက်ရ၏။ အရိပ်မည်းမည်းကြီးက လှုပ်ရှားနေသည်။ ထွန်းမောင်သည် ကြောက်လန့်ပြီး အခန်းထဲသို့ ပြေးဝင်လာ၏။ ထွန်းမောင်တစ်ကိုယ်လုံး တုန်ယင်နေသည်။ ရင်ထဲတွင် တထိတ်ထိတ်ခုန်နေသည်။

"ထွန်းမောင် ... ထွန်းမောင်"

ဟုခေါ်နေသံကိုလည်း ကြားနေရသလိုလို ညည်းညူသံကို ကြားနေရသလိုလို။ ထွန်းမောင်သည် အိပ်မရတော့ဘဲ ငုတ် တုတ်ထိုင်နေမိသည်။

မနက်မိုးလင်းတော့ ကိုတင်အေး လမ်းတွင်မူးမေ့လဲနေသဖြင့် ထွန်းမောင်ကို ရွာသားတစ်ယောက်က ပြောသည်။ ထွန်းမောင်က သူ၏အိမ်နီးချင်းများ၏ အကူအညီဖြင့် ကိုတင်အေးကို သူ့အိမ်ပေါ်သို့ ခေါ်လာသည်။





"ညပိုင်းက ကိုထွန်းမောင်နဲ့အတူ ကိုတင်အေး အရက်သောက်နေတာ မဟုတ်လား"

သိန်းဝင်းဆိုသည့်လူငယ်က မေးသည်။

"ဟုတ်တယ် ည (၉) နာရီလောက်မှ သူ အိမ်ပြန်သွားတာ"

အိမ်နီးချင်းလူငယ်များက ကိုတင်အေး၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကို ဝိုင်း၍ကြည့်ရှုနေကြသည်။

"တစ်ကိုယ်လုံးမှာ ဖူးရောင်ဒဏ်ရာတွေ၊ သွေးထွက်ဒဏ်ရာတွေ မနည်းပါလား ... သွေးထွက်လွန်ပြီး သေသွားနိုင်တယ်"

လူငယ်များက ဝိုင်း၍ပြောကြသည်။

"ဟော့ကောင် တင်အေး ... ဟာ ... ဒီကောင် သတိမေ့နေပါလား မဖြစ်ပါဘူး အမြန်ဆုံး ဆေးရုံကိုပို့မှဖြစ်တော့မယ်၊ တင်အေးအဖေကို သွားပြောပေးပါဦး"

ကိုထွန်းမောင်က အိမ်နီးချင်းလူငယ်များကို နွားလှည်းအငှားခိုင်းပြီး ဒဏ်ရာရ၍ သတိမေ့မြောနေသော



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အေးကို နတ္တလင်းဆေးရုံသို့ ခေါ်လာခဲ့၏။ ကိုတင်အေး၏ဖခင် ဦးဖိုးထွန်းက သားအတွက် အလွန်ပင်စိုးရိမ်နေသည်။

"ဟင် . . . ဒီလူရထားတဲ့ဒဏ်ရာတွေက မနည်းပါလား၊ ဒါ ရာဇဝတ်မှုဗျ၊ ခင်ဗျားတို့ ရဲစခန်းကို သွားပြောပေးကြပါဦး"

တာဝန်ကျဆရာဝန်က ပြောသည်။ ကိုထွန်းမောင်နှင့် တင်အေး၏အဖေ ဦးဖိုးထွန်းတို့က နတ္တလင်းရဲစခန်းသို့ လာခဲ့သည်။ ထိုနေ့၏တာဝန်မှူး ဒုရဲအုပ်ဇော်သန်းအား အကြောင်းစုံ ပြောသည်။ ဒုရဲအုပ်ဇော်သန်းက ဆေးရုံသို့ ရောက်ရှိနေသော ဒဏ်ရာများဖြင့် သတိမေ့မြောနေသည့် ကိုတင်အေး၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကို စစ်ဆေးပြီး ရဲ့ဆေးစာဖြင့် ဆေးရုံတွင် ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေး၏။ ထို့နောက် ကိုတင်အေးအား အမည်မသိ လူလေးဦးမှ အပြင်းအထန်ဒဏ်ရာရအောင် ပြုလုပ်ခဲ့မှုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ခဲ့သည်။

ဒုရဲအုပ်ဇော်သန်းနှင့်အဖွဲ့သည် ကိုထွန်းမောင်နှင့်





အတူ ကျည်ပင်စုရွာသို့ ညတွင်းချင်းပင် လိုက်ခဲ့လေ၏။ အခင်းဖြစ်နေရာအား သွားရောက်စစ်ဆေးရာ ရှုန်းရင်းဆန်းခတ်ဖြစ်ခဲ့ကြသည့် အနေအထားကို မြေကြီးပေါ်တွင် တွေ့ရလေသည်။ ကိုတင်အေး လဲကျပြီး သတိမေ့မြောခဲ့သည်ဟု ယူဆရသောနေရာမှ မြေကြီးပေါ်တွင် သွေးစသွေးနများကို မြင်တွေ့ရသည်။

"ဒီနေရာမှာ ကိုတင်အေးလဲကျပြီး သတိမေ့မြောသွားတာကို လူရမ်းကားတွေက ကိုတင်အေးသေပြီထင်ပြီး ထားခဲ့တာဖြစ်မယ်၊ ကိုတင်အေးခန္ဓာကိုယ်ပေါ်မှာ ဖူးရောင်ပြတ်ရှ ဒဏ်ရာတွေက (၁၁) ချက်တွေ့ရတယ်၊ ကိုတင်အေးသာ သတိပြန်မရခဲ့ရင် သွေးထွက်လွန်ပြီး ဒီနေရာမှာ သေဆုံးသွားမှာအမှန်ပဲ"

ဒုရဲအုပ်ဇော်သန်းက ထင်မြင်ချက်ကို ပြောသည်။ အခင်း ဖြစ်နေရာအနီးတွင် တွေ့ရသော သုံးပေခွဲခန့်ရှိ သွေးစွန်းနေသော သစ်သားချောင်းတစ်ချောင်း။ လောက်စာလုံး (၇) လုံးကို သက်သေများ၏ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆည်းခဲ့သည်။ ဒုရဲအုပ်ဇော်သန်းနှင့်အဖွဲ့သည် ရဲစခန်းသို့ ပြန်လာခဲ့သည်။ အချိန်မှာ မိုးလင်းခါနီးနေပြီ။ ဆေးရုံမှ ဆရာဝန်,ဆရာမများက ဒဏ်ရာဖြင့် သတိမေ့မြောနေသော ကိုတင်အေးကို ဂရုစိုက်ကုသပေးကြသည်။ ဒုရဲအုပ်ဇော်သန်းက သတိမေ့မြောနေသော ကိုတင်အေးကို ကရုဏာသက်စွာဖြင့် ကြည့်မိသည်။ ကိုတင်အေးသတိရလျှင် လာရောက်သတင်းပို့ရန် ရဲတပ်သားတစ်ယောက်အား ဆေးရုံတွင် ထားခဲ့သည်။

ညက ပိန်းပိတ်အောင် မှောင်မည်းနေသည်။ ထွန်းမောင်က အိပ်ရာဘေးတွင် ဆေးပေါ့လိပ် ထိုင်သောက်နေမိ၏။ ထွန်းမောင် အိပ်မပျော်နိုင်သေး။ အချိန်က ညဉ့်နက်နေပြီ။ သူ့အိမ်ပတ်လည်တွင် လမ်းလျှောက်နေသော ခြေသံများကို ကြားနေရသည်။ လှေကားကိုတက်လာသည့် ခြေသံက ပီပီသသ။

'ဒေါက် ‥ ဒေါက် ‥ ဒေါက်'

အိမ်ရှေ့မှ တံခါးခေါက်သံကိုကြားရသည်။ ထွန်းမောင် ကြောက်လာသည်။ သူ့မိန်းမ မရင်ကြွေကို နှိုးရ





ကောင်းမလားဟု စိတ်ကူးလိုက်၏။

'ထွန်းမောင်'

ခေါ်သံကို ကြားလိုက်ရ၏။ ကိုတင်အေးအသံမှန်း သိလိုက်၏။ ကိုတင်အေး ခေါင်းမှာဒဏ်ရာရပြီး သတိမေ့မြောနေသောကြောင့် ဆေးရုံတင်ထားရသည်ကို သတိရသွားသည်။

'ဒေါက် ‥ ဒေါက် ‥ ဒေါက်'

"ကိုတင်အေး"

"ဟေ"

"ဟင်"

ကိုထွန်းမောင် လန့်သွားသည်။ ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်ယင်နေသည်။ အိပ်ရာဘေးတွင် ချထားသော အရက်ပုလင်းကို မော့သောက်နေမိ၏။ ခေါင်းထဲတွင် ဝေလာပြီး အရက်ရှိန်က တစ်စထက်တစ်စ တက်လာသည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ဘဲ အိပ်ရာထဲသို့ လဲကျသွားလေ၏။

✳



www.burmeseclassic.com

www.burmeseclassic.com

"ကိုဇော်သန်း ညက ဒဏ်ရာရတဲ့သူ ဘယ်လိုအခြေအနေရှိသလဲ"

စခန်းမှူးက ဒုရဲအုပ်ဇော်သန်း ရဲစခန်းထဲသို့ဝင်လာသည်နှင့် မေးသည်။

"သတိမရသေးဘူး ဗိုလ်ကြီး၊ အခုအမှုက ညဦးနက်ချိန် မှောင်မည်းမည်းထဲမှာ အမည်မသိသူတွေက ဝိုင်းပြီးထိုးခုတ် ဝိုင်းရိုက်ခံရတာဆိုတော့ တရားခံတွေကိုမိအောင် အတော်စုံစမ်းယူရလိမ့်မယ်ထင်တယ်"





"ကျေးရွာတွေမှာ အဲဒီလိုမှုခင်းတွေက မကြာခဏ ဖြစ်တတ်တယ်၊ အမှောင်အားကိုးပြီး ရိုက်နှက်တာတို့, ဓားနဲ့ခုတ်တာတွေပေါ့၊ ရဲတပ်ဖွဲ့ သိက္ခာမကျအောင် ဒီအမှုကို ကြိုးစားဖော်ထုတ်ပါ ကိုဇော်သန်း"

"စိတ်ချပါ ဗိုလ်ကြီး၊ တရားခံတွေကို အမြန်ဆုံးဖမ်းမိအောင် ကြိုးစားပါ့မယ်"

ဒုရဲအုပ်ဇော်သန်းက တာဝန်ချိန်ပြီးဆုံးလျှင် အခြားအရာရှိငယ်တစ်ယောက်အား တာဝန်လွှဲအပ်ပြီး ရဲစခန်းဝင်းထဲမှ မိသားစုအိမ်ခန်းသို့ ပြန်လာခဲ့၏။ ထို့နောက် နံနက်စာကို စားသုံးသည်။

"တစ်ညလုံး အိပ်ရေးပျက်တာ အနားမယူတော့ဘူးလား"

ဇနီးဖြစ်သူက ဒုရဲအုပ်ဇော်သန်းကို ပြောသည်။

"အခု ကိုယ်တာဝန်ယူစုံစမ်းရမယ့်အမှုက တရားခံ ဘယ်သူဘယ်ဝါဆိုတာ မသိရသေးဘူး၊ အရေးကြီးတဲ့အမှုဖြစ်လို့ အခင်းဖြစ်တဲ့ရွာကို သွား



www.burmeseclassic.com

www.burmeseclassic.com



ရဦးမယ်''

ဒုရဲအုပ်ဖော်သန်းက အဝတ်အစားလဲလိုက်သည်။ စခန်းမှ နယ်ထိန်းရဲတပ်သားနှစ်ယောက်ကိုခေါ်၍ ကျည်ပင်စုရွာသို့ စက်ဘီးဖြင့်လာခဲ့သည်။ ခရီးက ဝေးကွာလွန်းသဖြင့် ပင်ပန်းလွန်းလှသည်။ ကျည်ပင်စုရွာသို့ရောက်လျှင် ညက ကိုတင်အေး ဒဏ်ရာများဖြင့်လဲနေသည့်နေရာကို ပြန်လည်စစ်ဆေးသည်။

ထိုနေရာသည် ကိုထွန်းမောင်အိမ်နှင့် ကိုတင်အေးတို့အိမ် ခရီးတစ်ဝက်မျှလောက်တွင်ဖြစ်၏။ ပြီးတော့ ရွာပြင်လမ်းဖြစ်သဖြင့် ရွာထဲမှအိမ်များနှင့် အတော်အလှမ်းဝေးသည်။ ကိုတင်အေးသည် အန္တရာယ်နှင့် ကြုံတွေ့နေစဉ် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းပါကလည်း မကြားနိုင်လောက်ဟု ဒုရဲအုပ်ဖော်သန်းက တွက်ဆသည်။

ဒုရဲအုပ်ဖော်သန်းသည် ကိုတင်အေး အပြင်းအထန်ဒဏ်ရာရခဲ့သည့်ဖြစ်ရပ်အား ကျည်ပင်စုရွာထဲတွင် တီးတိုးစုံစမ်းသည်။ ကိုတင်အေးက ကိုထွန်းမောင်အိမ်တွင် အရက်သောက်ပြီး မှောင်မိုက်ထဲတွင် အိမ်သို့ပြန်လာခြင်း ဖြစ်သည်။





ကိုတင်အေးပြန်လာသည့်လမ်းကြောင်းကို စဉ်းစားရသည်။

''ကိုထွန်းမောင်ရဲ့မိန်းမ မရင်ကြွေနဲ့ ကိုတင်အေးတို့က လူမှုရေးဖောက်လမ်းရှုပ်နေတာကို ရွာထဲမှာ တီးတိုးပြောဆိုနေကြတာကို ကြားနေရတာတော့ ကြာပြီ''

ရွာထဲမှ လူတစ်ဦးက ဒုရဲအုပ်ဖော်သန်းကို ပြောပြသည်။ ဒုရဲအုပ်ဖော်သန်းအတွက် သဲလွန်စတစ်ခုရပြီဟု အောက်မေ့လိုက်မိ၏။

''အဲဒီကိစ္စကို ကိုထွန်းမောင်က မသိဘူးလား''

''သိသလား၊ မသိဘူးလားတော့ မပြောတတ်ဘူး။ ကိုထွန်းမောင်နဲ့ကိုတင်အေး အခင်အမင်မပျက် ဆက်ဆံနေကြတာပဲ''

''အခုလိုပြောပြကူညီတာ ကျေးဇူးတင်ပါတယ်''

ဒုရဲအုပ်ဖော်သန်းက အခင်းဖြစ်သည့်နေရာနှင့် ကိုထွန်းမောင်အိမ်သို့တစ်လျှောက် ကိုတင်အေးပြန်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းကို တွက်ဆကြည့်သည်။ ထို့နောက် ဒုရဲအုပ်ဇော်သန်းနှင့်အဖွဲ့သည် ကျေးရွာလူကြီးများနှင့်အတူ ကိုထွန်းမောင်အိမ်သို့ လာခဲ့လေ၏။

"ဟာ ဗိုလ်လေးတို့ပါလား . . . လာကြပါခင်ဗျာ"

ကိုထွန်းမောင်က အိမ်ပေါ်မှဆင်းလာပြီး ခေါ်သည်။ ဒုရဲအုပ်ဇော်သန်းက ကိုထွန်းမောင်၏မျက်နှာအမူအရာကို အကဲခတ်၏။ ကိုထွန်းမောင်မျက်နှာက တည်ငြိမ်လွန်းနေသည်။

"တင်အေး . . . သတိပြန်ရနေပြီလားဆရာ"

"ဒီရွာကို ကျွန်တော်တို့မလာခင် ဆေးရုံကိုဝင်ပြီး သူ့ကိုသွားကြည့်တော့ သတိမရသေးဘူးဗျ"

"ဩော် . . အခု ဗိုလ်လေးတို့ ကျွန်တော့်ဆီလာတာက . . ."

"ညက ခင်ဗျားအိမ်မှာ ကိုတင်အေး





အရက်သောက်တုန်းက သူနဲ့အတူ ဘယ်သူတွေသောက်ကြသေးသလဲ သိချင်လို့"

"အင်း . . . ညတုန်းက ကျွန်တော်ရယ်၊ တင်အေးရယ်၊ ရွာထဲက သံချောင်းရယ်၊ တက်ပုရယ်၊ မောင်ဉာဏ်ရယ် အရက်အတူသောက်ခဲ့ကြပါတယ်"

"သံချောင်း၊ တက်ပု၊ မောင်ဉာဏ်တို့နဲ့ ကျွန်တော်တွေ့ချင်တယ်ဗျာ"

"ဟုတ်ကဲ့"

ကိုထွန်းမောင်က သံချောင်း၊ တက်ပု၊ မောင်ဉာဏ်တို့ကို သွားခေါ်လာသည်။

"ခင်ဗျားတို့ လေးယောက်စလုံး ရဲစခန်းကို လိုက်ခဲ့ပါ"

"ဗျာ"

အားလုံး အံ့သြသွားကြသည်။ အမှုစစ်ဒုရဲအုပ်ဇော်သန်းက ကိုထွန်းမောင်၊ တက်ပု၊ သံချောင်း၊ မောင်ဉာဏ်တို့ကို လမ်းတွင်ဘာမှမမေးဘဲ ခေါ်လာခဲ့သည်။ ရဲစခန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင် သူတို့ကိုထားခဲ့ပြီး ဆေးရုံတွင်ရှိသော ကိုတင်အေးထံသို့လာခဲ့သည်။ ကိုတင်အေးက သတိပြန်ရနေလေပြီ။

"ကိုတင်အေး သက်သာရဲ့လား"

ဒုရဲအုပ်ဇော်သန်းက မေးသည်။ ကိုတင်အေးက ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြသည်။

"ကျွန်တော် သတိမေ့မြောနေတုန်းက ကျွန်တော့်စိတ်တွေက နေရာတိုင်းကို ရောက်သွားတယ်၊ ထွန်းမောင်အိမ်ကို သွားပြီး ထွန်းမောင် အိပ်ပျော်နေတာကို သွားနှိုးမိတယ်၊ ထွန်းမောင်က ဘာကြောင့်မှန်းမသိဘူး ... ကျွန်တော့်ကို မမြင်ဘူး ... ကြောက်နေတယ် ...၊

ကျွန်တော် တစ်နေရာကိုထွက်သွားသေးတယ်၊ အဲဒီနေရာမှာ အဝတ်အစားမရှိတဲ့လူတွေကို ကြိုးနဲ့တုပ်ထားပြီး ခွေးနက်ကြီးတွေက သူတို့အသားတွေကို ကိုက်စားနေကြတယ်၊ တစ်နေရာမှာတော့ တောက်လောင်နေတဲ့ မီးတောက်





တွေကြားမှာ မီးလောင်ခံနေရတဲ့လူတွေ၊ ပွက်ပွက်ဆူနေတဲ့ ဒယ်အိုးထဲက ဆီပူထဲမှာ အကြော်ခံနေရလို့ ကယ်ပါဦးဆိုပြီး အော်ဟစ်နေကြတဲ့သူတွေကို မြင်ရတယ်၊ ကျွန်တော်က အဲဒီမြင်ကွင်းတွေကို ကြည့်ပြီး ကြောက်နေမိတယ် ...၊

အဲဒီက ဝဝဖိုင့်ဖိုင့်ရုပ်ဆိုးဆိုးနဲ့ လူကြီးတစ်ဦးက ကျွန်တော့်ကို ပြန်ခိုင်းလိုက်ပါတယ်၊ ကျွန်တော့်စိတ်ဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲကို ပြန်ဝင်သွားတယ်၊ ကျွန်တော် ဘာမှသတိမရတော့ဘူး"

"ခင်ဗျား သေရွာကပြန်လာတဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားစိတ် (ဝိညာဉ်) လျှောက်သွားတဲ့နေရာဟာ ကျွန်တော် စာတွေထဲမှာဖတ်ဖူးတဲ့ ငရဲဆိုတာဖြစ်မယ်၊ ညက ခင်ဗျားကို ဓားနဲ့၊ တုတ်နဲ့ရိုက်၊ လေးခွနဲ့ပစ်ခဲ့တဲ့သူတွေကို သိသလား"

"မှောင်မှောင်မည်းမည်းဆိုတော့ ဘယ်သူဘယ်ဝါတွေမှန်း မသိပါဘူး၊ ကျွန်တော် ဒဏ်



www.burmeseclassic.com

www.burmeseclassic.com



ရာတွေကြောင့် လဲကျသွားပြီး ငြိမ်နေတော့ သူတို့က ဒီကောင်သေမှာပဲ ထားခဲ့ဆိုပြီး ထွက်သွားကြတာ၊ ခဏကြာမှ မေ့သွားတယ်၊ သတိပြန်ရသလိုဖြစ်မှ အတင်းရုန်းကန်ထပြီး ထွန်းမောင်အိမ်ကို သွားတာပါ''

ကိုတင်အေးက အသံယဲ့ယဲ့လေးဖြင့် ပြောသည်။ ဒုရဲအုပ်ဖော်သန်းက စခန်းသို့ပြန်လာသည်။ ကိုထွန်းမောင်၊ သံချောင်း၊ တက်ပု၊ မောင်ညာဏ်တို့က ရဲစခန်းရုံးခန်းမှ ခုံတန်းလျားတွင် မျက်နှာငယ်လေးများဖြင့် ထိုင်နေကြသည်။

''ကိုတင်အေးက သတိရပြီး စကားပြောနိုင်နေပြီ၊ ဒီတော့ ခင်ဗျားတို့ ကျွန်တော့်ကို အမှန်အတိုင်းပြောစေချင်တယ်၊ ကိုတင်အေးက သူ့ကို ဓားနဲ့ခုတ်, တုတ်နဲ့ရိုက်, လောက်လေးခွနဲ့ပစ်သူတွေရဲ့အသံကို မှတ်မိနေတယ်''

''ဗျာ''

''ရာဇဝတ်ဘေး ပြေးမလွတ်ဘူး၊ ကျွန်တော့်မှာ အထောက်အထားတွေလည်း ပြည့်စုံနေ





ပြီ''

''ကျွန်တော်တို့ တင်အေးကို အရက်မူးအောင်တိုက်ပြီး အပြန်မှာ ဝိုင်းခေါ်မိကြတာပါဆရာ၊ အခုလိုလုပ်မိခြင်းရဲ့ အကြောင်းက . . .''

✳



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ကိုထွန်းမောင် . . . ခင်ဗျားမိန်းမနဲ့ ကိုတင်အေးကို ရွာထဲမှာ ဘာလိုလို ပြောနေကြတယ်နော်"

အရက်အတူသောက်ရင်း သံချောင်းက ပြောသည်။

"အေးကွ . . . ငါလည်း သူတို့ပြောတာ, ဆိုတာတွေကို ဘဝင်မကျဘူး"

"ခင်ဗျာ သတိထား လေ့လာကြည့်ပါလား"

ကိုထွန်းမောင်က ကိုတင်အေးနှင့် သူ့မိန်းမမရင်ကြွေ





တို့၏ဆက်ဆံရေးကို အကဲခတ်သည်။

ကိုထွန်းမောင်၏ရှေ့တွင် မျက်ရိပ်ဖြင့်အထာပြနေသည်ကို တွေ့ရသည်။

တစ်နေ့ . . .

ကိုထွန်းမောင် မြို့မှပြန်လာစဉ် ခြံဝတွင် ကိုတင်အေးနှင့်ဆုံကြသည်။

"ငါက မင်းရှိတယ်ထင်ပြီး လာတာ၊ မြို့သွားတယ်ပြောလို့ ပြန်တော့မလို့ကွ"

ကိုတင်အေး၏မျက်နှာအမူအရာက မကောင်း။

ကိုထွန်းမောင်အိမ်ပေါ်သို့ လှမ်းအတက်တွင် မရင်ကြွေက အိပ်ခန်းထဲမှ ထွက်လာ၏။ မလုံမလဲမျက်နှာမျိုးနှင့် ဖြစ်သည်။

ကိုထွန်းမောင်၏ ရင်ထဲတွင် လှုပ်ခါသွားရသည်။

ကိုထွန်းမောင်သည် ဘာမှမသိသလိုနေလိုက်၏။ ထိုညတွင် သံချောင်း၊ တက်ပု၊ မောင်ညာဏ်တို့နှင့် တီးတိုးတိုင်ပင်သည်။

နောက်တစ်နေ့ညတွင် . . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့ (၄) ဦးသည် ကိုတင်အေးနှင့်အတူ အရက်သောက်ကြသည်။

သံချောင်း၊ တက်ပု၊ မောင်ညာဏ်တို့က အရင်ပြန်နှင့်ပြီး ကိုတင်အေးပြန်လာမည့်လမ်းက စောင့်နေသည်။

ည (၉) နာရီကျော်လျှင် ကိုထွန်းမောင်က အရက်မူးချင်ဟန်ဆောင်ပြီး ကြမ်းပြင်ပေါ်တွင် လှဲနေလိုက်၏။ ကိုတင်အေးက ဒယီးဒယိုင်ဖြင့် ပြန်သွားသည်။

ကိုထွန်းမောင်က ဓားရှည်ကိုင်၍ နောက်မှ မသိမသာလိုက်သွား၏။

အခင်းဖြစ်သည့်နေရာသို့ရောက်တော့ . . .

တိုင်ပင်ထားကြသည့်အတိုင်း ကိုတင်အေးကို ဓားဖြင့်ခုတ်သူက ခုတ်သည်။ တုတ်ဖြင့်ရိုက်သူက ရိုက်သည်။ လောက်လေးခွဖြင့်ပစ်သူက ပစ်သည်။

ကိုတင်အေးက မြေကြီးပေါ်လဲကျပြီး ငြိမ်သက်သွားတော့ သေဆုံးသွားပြီဟုထင်ကာ ထားပစ်ခဲ့သည်။

ညဥ့် (၁၂) နာရီကျော်တွင် အိမ်တံခါးခေါက်သံကြားသဖြင့် ကိုထွန်းမောင် လန့်သွားသည်။





သူ့နာမည်ခေါ်သူက ကိုတင်အေးဖြစ်နေသည်။

အိမ်တံခါးဖွင့်လိုက်တော့ ကိုတင်အေးကို ဒဏ်ရာတွေနှင့် တွေ့လိုက်ရသည်။

"ဒီကောင် အသက်ပြင်းပါလား"

ဟု ကိုထွန်းမောင် တွေးလိုက်မိ၏။

ကိုထွန်းမောင်သည် ရွာမှလူငယ်များ၊ ကိုတင်အေး၏အဖေတို့နှင့်အတူ ကိုတင်အေးကို ဆေးရုံသို့ ခေါ်လာခဲ့သည်။

ကိုထွန်းမောင်၏ ရင်ထဲမှာတော့ တထိတ်ထိတ်။

ဒုရဲအုပ်ဇော်သန်းက ထွန်းမောင်၊ သံချောင်း၊ မောင်ညာဏ်တို့ကို စနစ်တကျစစ်ဆေးပြီး အခင်းဖြစ်စဉ်က ငင်းတို့အသုံးပြုခဲ့သော တုတ်၊ ဓား၊ လေးခွတို့ကို သက်သေများ၏ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ယင်းအမှုအား နတ္တလင်းမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ပေးခဲ့သည်။

တရားရုံးတွင် ကိုတင်အေးက မေတ္တာရှေ့ထားသော ကျေအေးပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲ့အုပ်ဇော်သန်းမှာတော့ ...

သေရွာပြန် တံခါးခေါက်သံကို ကိုထွန်းမောင်နည်းတူ ကြားယောင်နေမိတော့၏။

*ဝင်းဇော် [သုံးဆယ်]*

BURMESE CLASSIC .com



www.burmeseclassic.com